မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၅၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် ညှိသည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကျောဖုံးသို့ ❐

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည် ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၃ ရက်)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မြဲစေမည့် အင်ဒိုနီးရှားသမ္မတ၏ ချစ်ကြည်ရေးခရီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင် နိုင်ငံများဖြစ်ကြသည်။ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံကူးလူးဆက်ဆံမှုများရှိခဲ့ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ သမိုင်းစဉ်တစ်လျှောက်တွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ တိုးတက်ခိုင်မြဲလျက်ရှိသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အပြန်အလှန် ချစ်ကြည်ရေးခရီးလည်ပတ်ခြင်းများဖြင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်မြင့်မားစေခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့သည် မတ်လ ၁ရက်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး အလည်အပတ်ခရီးရောက်ရှိခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးအလည်အပတ်ခရီး လာရောက်ခဲ့သော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မတ်လ ၁ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ အင်န်ဟာဆန်ဝီရာယုဒတို့က ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်တစ်ရပ် တည်ထောင်မှုနှင့် ပတ်သက်သော နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို အပြန်အလှန် လဲလှယ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သည် အာဆီယံရေးရာကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အပြန်အလှန် နားလည်မှု တည်ဆောက်နိုင်ခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ချမှတ်ဖော်ဆောင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ကာလရှည်ကြာလာသည်နှင့်အမျှ ပိုမိုခိုင်မာတိုးတက်လာလျက်ရှိသည်။

သို့ဖြစ်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ခိုင်မြဲစေမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်းအတွင်းရှိ သစ်အခြေခံစက်ရုံများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၂၅ ရက်က မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၏ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ် (၂-က) ပုံဖော်စက်ရုံသို့ရောက်ရှိရာ စက်ရုံနှင့်ဖက်စပ်လုပ်ကိုင်သည့် Myanmar Teak Wood Industry မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က စက်ရုံနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြ၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက စက်ရုံအတွင်းသစ်ခွဲစိတ်လည်ပတ်နေမှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂-ခ) ပုံဖော်စက်ရုံသို့ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ စက်ရုံနှင့်ဖက်စပ်လုပ်ကိုင်သည့် Win and Win Company မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဆွေက စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံအတွင်း လှည့်လည်၍ သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်၊ သစ်ပါးလွှာထုတ်လုပ်မှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများ၊ သစ်ပါးလွှာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစက်မှုဇုန်ရှိ ဂျူဝယ်လာရီလက် သစ်ပါးလွှာနှင့် အထပ်သားစက်ရုံသို့ ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ ဒါရိုက်တာ ဦးအေးထွန်းရွှေနှင့်တာဝန်ရှိသူများက စက်ရုံနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးသည် စက်ရုံအတွင်း သစ်ပါးလွှာနှင့် အထပ်သား ထုတ်လုပ်နေမှုနှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားရှိမှု၊ စွန့်ပစ်အမှိုက်များနှင့် သစ်ဖြတ်စများမှ Bio Gas ထုတ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ Wood Gas စက်ရုံသည် သစ်ဖြတ်စများနှင့် လွှစာမှုန့်များမှ ထွက်ရှိသည့် Bio Gas ကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားပေးစက်ကို လည်ပတ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃-၃-၂၀၀၆

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပာန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ ကာတွန်းအစီအစဉ် **“ပါကျဲ”** (အပိုင်း-၁၅)
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြက်ခင်းစိမ်းနဲ့အိမ်ကလေး”** (အပိုင်း-၂)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **“သူရဲကောင်းများ ထွန်းကားသည်” (အပိုင်း-၁) အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ်၊ ဒါရိုက်တာ-ပန်းချီစိုးမိုး၊**

ဆုချီးမြှင့်

အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ရက်ကကျင်းပရာ သူငယ်တန်းဘက်စုံထူးချွန်ဆုရမောင်အာကာမင်းဦးအား ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင်က ဆုချီးမြှင့်စဉ်။

(က-ပ)

3-3 (02).p65 1 3/28/1905, 5:53 PM

ဆူးလေစေတီတော် ရွှေသင်္ကန်းကပ်လှူရေး အနုပညာရှင်များ ပါဝင်ကုသိုလ်ယူကြမည်

ရန်ကုန် မတ် ၂

ဆူးလေစေတီတော်မြတ်ကြီး ရွှေပြားရွှေသင်္ကန်း ကပ်လှူရေးတွင် အနုပညာရှင်များက ပါဝင်၍ ကုသိုလ်ယူ နိုးဆော်ရေးအတွက် အစီအစဉ်တစ်ရပ်ကို ဘက်စုံပြန်လည်မွမ်းမံ တည်ဆောက်ရေးစီမံကိန်း၊ ရွှေသင်္ကန်းကပ်လှူရေးအတွက် သတင်းနှင့်ပြန်ကြားရေးအဖွဲ့က ဦးဆောင်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မတ် ၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီအထိ ဆူးလေစေတီတော်ရှိ မုခ်လေးမုခ်နှင့် ရင်ပြင်တော်ပေါ်၌ အနုပညာရှင်များသည် အလှူငွေ လာရောက်လှူဒါန်းလိုသူများ၊ ဘုရားဖူးပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းရာတွင် ပြေစာများပေါ်၌ အမှတ်တရ လက်မှတ်ရေးထိုးပေး၍ ကုသိုလ်ယူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

တရုတ်နိုင်ငံအမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီမှ လက်ဆောင်ပေးအပ်သည့်ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီမှ လက်ဆောင်ပေးအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီ တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Muနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှူး၊ ဒုတိယဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်တွဲကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပစ္စည်းများ လက်ဆောင်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်နေသော၊ ချစ်ခင်ရင်းနှီးသော အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူပြည်သား အချင်းချင်းမှာလည်း ရှေးပဝေသဏီကတည်းကပင် သင့်သင့်မြတ်မြတ် နေထိုင်ခဲ့ကြပြီး ဆွေမျိုးပေါက်ဖော်ပမာ ကူးလူးဆက်ဆံလာခဲ့ကြကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ ဂရုစိုက်မှုနှင့် ပြုစုပျိုးထောင်မှုအောက်တွင် တရုတ်-မြန်မာ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံရေးသည် တည်မြဲ ရှင်သန်လျက်ရှိပါကြောင်း၊ နှစ်ဦး နှစ်ဖက်အကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးစသော နယ်ပယ်ကဏ္ဍ များတွင်လည်း အပြန်အလှန် အကျိုးပြု ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးစွာ ပူးပေါင်း ဆက်ဆံရေးသည် အကောင်းဆုံးအချိန်ကာလသို့ရောက်ရှိနေသည်ဆိုနိုင်ကြောင်း၊ ၂၀၀၅ခုနှစ် နိုဝင်ဘာလက အဆွေတော်အထွေထွေအတွင်းရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ကျောက်ဂေါ်က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက် လည်ပတ်ခဲ့ပြီး အဆွေတော် အထွေထွေ အတွင်းရေးမှူးနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး စသော မြန်မာနိုင်ငံတော် ခေါင်းဆောင်ကြီးများကိုလည်း သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြောင်း၊ ၎င်းခရီးစဉ်သည် အောင်မြင်သော ခရီးစဉ်ဖြစ် ခဲ့ကြောင်း၊ ၎င်းခရီးစဉ် အောင်မြင်နိုင်ရေးအတွက် အစစအရာရာဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သော အဆွေတော် အထွေထွေအတွင်းရေးမှူးနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်နှင့် တရုတ်နိုင်ငံအစိုးရတို့အနေဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးကို အထူးအလေးထားပြီး မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးနှင့် ပြည်သူ ပြည်သားများ လူနေမှုအဆင့်အတန်း တိုးမြှင့်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများကို ဆက်လက်ကူညီသွားရန် အမြဲ ဆန္ဒရှိပါကြောင်း၊ တရုတ်-မြန်မာ ပေါက်ဖော် ချစ်ကြည်ရေးပိုမိုနက်ရှိုင်းစေရန် နှစ်နိုင်ငံကဏ္ဍစုံမှ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်စေရန်အတွက် နှစ်ဦးနှစ်ဖက်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက် သွားကြမည်ဟု ပြောကြားသွားသည်။

ထို့နောက် သံအမတ်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီမှ လက်ဆောင်ပေးအပ်သော ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ ဖက်စ်နှင့် ဒီဗီဒီပြစက်များကို လွှဲပြောင်းပေးအပ်ရာ အထွေထွေအတွင်းရေးမှူး **(အပေါ်ပုံ)**က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အသုံးဝင်အကျိုးရှိ

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားရာတွင် မိမိတို့နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် ပြည်သူလူထုနှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသင်းဝင် အင်အား ၂၃ သန်းကျော် ရှိပြီး အသင်းဝင်များအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ယနေ့လှူဒါန်းသည့် ပစ္စည်းများသည် အသုံးဝင် အကျိုးရှိသည့် အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သံအမတ်ကြီးနှင့် အထွေထွေအတွင်းရေးမှူးတို့သည် နှစ်နိုင်ငံ လူငယ်များ အကြား ချစ်ခင်ရင်းနှီးစွာ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် အမှတ်-၁၇(ဘီ) သုခဝတီလမ်းနေ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)နှင့်ဇနီး ပါမောက္ခဒေါက်တာဒေါ်နန်းဦး မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း [မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟို]သို့ ငွေပဒေသာပင် စိုက်ထူရန်အတွက် ဖေဖော်ဝါရီ၁၈ရက်က အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံစဉ်။ (က-ပ)

အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်

ရန်ကုန် မတ် ၂

ကျမ်းပြုနယ်လှည့် ဓမ္မကထိက အရှင်ဇနဝ(ပဲခူး)သည် မတ်၃ ရက်တွင် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မှော်တောရွာ အရှေ့ကျောင်း အရှင်သီရိနန္ဒ၏ (၃၃)နှစ်ပြည့် မွေးနေ့၌လည်းကောင်း၊ မတ်လ ၄ရက်နှင့်၅ရက်တွင် ရေကျော်ရွာ မလွန်ဆန်လှူရေစက်ချပွဲ၌လည်းကောင်း၊ မတ်လ ၆ရက်နှင့် ၇ရက်တွင် ညောင်လေးပင်မြို့ တောင်ကျောင်းစာသင်တိုက် စာတော်ပြန်ပွဲ၌လည်းကောင်း၊ မတ်လ၈ရက်နှင့်၉ရက်တွင် သရက်ကုန်းကျောင်း၌ လည်းကောင်း၊ မတ်လ ၁၀ရက်နှင့် ၁၁ရက်တွင် ထန်းတပင်ကျောင်း၌လည်းကောင်း၊ မတ်လ ၁၂ ရက်နှင့် ၁၃ ရက်တွင် သနပ္ပင်မြို့နယ် မင်းရွာ ဓမ္မသဘင်၌လည်းကောင်း တရားဓမ္မဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၈။	အတီးပြိုင်ပွဲ
၈း၂၅	၉။	ပုလင်းရေလှောင်တမံ
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	English For Everyday Use

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice In Reading
၁၆း၄၀	၄။	တေးသရုပ်ဖော်အစီအစဉ်
၁၆း၄၅	၅။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃)ခုနှစ်
၁၇း၀၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၁၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၈။	အတီးပြိုင်ပွဲ
၁၇း၃၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၇း၄၅	၁၀။	(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁၁)
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"**(အပိုင်း-၁၂)

ပိုးလမ်းမကြီးတစ်လျှောက် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရန် တရုတ်နှင့်ဂျပန်ကျွမ်းကျင်ပညာရှင်များ ပူးတွဲလေ့ကျင့်ပေးမည်

ပေကျင်း မတ် ၂

တရုတ်နှင့်ဂျပန်နိုင်ငံတို့သည် လာမည့်ငါးနှစ်အတွင်း ရှေးဟောင်း ပိုးလမ်းမကြီး တစ်လျှောက် ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးအတွက် ကျွမ်းကျင်ပညာရှင် ၁၀၀ကို ပူးတွဲလေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပူးပေါင်းဆောင်ရွက်မှုအတွက်တရုတ်ရှေးဟောင်း ယဉ်ကျေးမှု အုပ်ချုပ်ရေးအဖွဲ့နှင့် ဂျပန်လူမှုရေး အဖွဲ့တို့ ဖေဖော်ဝါရီ ၂၇ရက်က ပေကျင်းမြို့၌ သဘော တူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ရင်းနှီးမြှုပ်နှံ

ယင်းသဘောတူညီချက်အရ ဂျပန်ဘက်မှယန်းငွေ သန်း ၁၅၀ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

ပိုးလမ်းမကြီးကာကွယ်ရေးအတွက် အထူးလေ့ကျင့် သင်ကြားရေး အစီအစဉ်ကို တရုတ်နိုင်ငံ၌ ပထမဆုံးဆောင် ရွက်ခြင်း ဖြစ်ကြောင်း၊ ယင်းကို နှစ်နိုင်ငံမှ အဆင့်မြင့် သုတေသနအဖွဲ့များက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ် ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဌာန အကြီး အကဲ ကျန်တင်ဟိုက ပြောကြားသည်။

ယင်းပိုးလမ်းမကြီးတစ်လျှောက်ရှိစင်ကျန်း၊ကျင်ဟိုင်း၊ နင်ရှာ၊ ဂန်ဆူ၊ ရှန်စီနှင့် ဟေနန်တို့တွင် ယဉ်ကျေးမှုထိန်း သိမ်း ကာကွယ်ရေးအဖွဲ့များက ဆောင်ရွက်သွားကြမည် ဖြစ်ကြောင်း သိရသည်။

စာရင်းပြုစု

၎င်းပိုးလမ်းမကြီးသည် တရုတ်နိုင်ငံ ရှီအန်းမှစတင်ပြီး ရောမတွင်ဆုံးသည်။ ကီလိုမီတာ ၆၄၄၀ ရှည်ပြီး တရုတ် နှင့်အာရှအလယ်ပိုင်းကို ဖြတ်သွားသည်။ ယင်းပိုးလမ်းမ ကြီးကို ယူနက်စကိုအဖွဲ့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် အဖြစ်ထိန်းသိမ်းရန် စာရင်းပြုစုထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တောင်ကိုရီးယားပြည်သူများ ရိုးရာအစားအစာကင်ချီပြပွဲတွင် ကင်ချီ စားသုံးနေကြသည်ကိုတွေ့ရစဉ်။

(တောင်ကိုရီးယားနိုင်ငံမှ အယ်လ်ဂျီ လျှပ်စစ်ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီသည် ရိုးရာအစားအစာ ကင်ချီမှထွက်သော အင်ဇိုင်းဓာတ်သည် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်းမှကာကွယ်မှုပေးသည်ဟု ယူဆ၍ လေအေးပေးစက်ရှိ ဆန်ခါများတွင် ကင်ချီမှထွက်သော စူးရှသည့်အနံ့များကို ထည့်သွင်းအသုံးပြုရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၇ရက်က ပြောကြားသည်။) **(ဓာတ်ပုံ–အင်တာနက်)**

အာဖဂန်သူပုန် ၁၆၉ ဦး လက်နက်ချ အလင်းဝင်

ကဘူးလ် မတ် ၂

အာဖဂန်နစ္စတန် အနောက်ပိုင်း၌ လွန်ခဲ့သောနှစ်လက တာလီဘန်တပ်မှူး ၁၆၉ဦး လက်နက်ချအလင်းဝင်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ၂၈ရက်၌ ပြောကြားသည်။

လွန်ခဲ့သော နှစ်လက တပ်မှူးအဆင့်ရှိ တာလီဘန် ၁၆၉ဦးသည် ဟာရက်အနောက်ပိုင်း၊ ဖာရက်၊ ဂိုဟော်နှင့် ဘက်ဟာစ်ပြည်နယ်တို့၌ အစိုးရထံ လက်နက်ချအလင်းဝင် လာကြောင်း အစိုးရကော်မရှင် အကြီးအကဲ အရစ်ဂိုရီ ရန်နီက ဆင်ဟွာသို့ ပြောကြားသည်။

တိုက်ပွဲဖြစ်ပွား

ယင်းတာလီဘန် တိုက်ခိုက်ရေးသမားများသည် အတိတ်ကာလက အစိုးရ နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သူများ ဖြစ်သည်။

ထပ်လောင်းပြောကြား

အာဖဂန်အနောက်ပိုင်း၌ အစိုးရနှင့်တိုက်ခိုက်နေသော တိုက်ခိုက်ရေး သမားများ ၇၀၀ကျော်ရှိနေဆဲဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။ လွန်ခဲ့သော ကိုးလက အစိုးရထံသို့ လက်နက်ချသူပေါင်း ၁၁၀၀ကျော် ရှိသွား ပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

သန္ဓေသား၏ ပင်မကလာပ်စည်းသုတေသနလုပ်ငန်း ဥပဒေချင်းဝိရောဓိကြောင့် လုပ်ဆောင်ရန်အဟန့်အတားဖြစ်နေ

ကင်းဘရစ် မတ် ၂

သန္ဓေသား၏ ပင်မကလာပ်စည်းသုတေသနပြုရေးတွင် ဝိရောဓိဖြစ်နေသော အမျိုးသားမူဝါဒ ဥပဒေများက သုတေသီများ၏ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုကို အဟန့်အတားများဖြစ်နေကြောင်း ထိပ်တန်းသိပ္ပံပညာရှင်များနှင့် လူ့ကျင့်ဝတ်ဆိုင်ရာပညာရှင်များကပြောကြားသည်။

ဤသိပ္ပံနယ်ပယ်တွင် သုတေသန ပြုလုပ်ရန်နိုင်ငံတကာ လူ့ကျင့်ဝတ်နှင့်ဆိုင်သော စံနှုန်းတစ်ခုထားရှိရန် ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များ၊ ဂျာနယ်များနှင့် ငွေကြေးထောက်ပံ့မှုအဖွဲ့အစည်းများကို ၎င်းတို့က တိုက်တွန်းလိုက်သည်။

ဗြိတိန်နိုင်ငံ ကင်းဘရစ်ရှိုင်းယား၌ သုံးရက်ကြာကျင်းပသည့် နိုင်ငံတကာ ညီလာခံတွင် အဆိုပါပညာရှင်များက ယင်းသို့တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။ ညီလာခံသို့ ၁၄နိုင်ငံမှ သိပ္ပံပညာရှင်များ၊ တွေးခေါ်ပညာရှင်များ၊ လူ့ကျင့်ဝတ်ဆိုင်ရာ ပညာရှင်များ၊ ရှေ့နေများ၊ ဂျာနယ်အယ်ဒီတာများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြသည်။

ယခုအခါ ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များက ပင်မကလာပ်စည်းယူမှု ကိုယ်ကျင့်တရားနှင့်ဥပဒေဆိုင်ရာ အချင်းချင်းစည်းကမ်း ထိန်းသိမ်းရေး အဖွဲ့တစ်ခုဖြစ်သည့် ဟင်ဇတန်အုပ်စုကို ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ဟင်စတန်အဖွဲ့က ပင်မကလာပ်စည်းသုတေသနလုပ်ငန်းဆိုင်ရာ ကိစ္စများကို ညှိနှိုင်းရန် ပုံမှန်အစည်းအဝေးများ ပြုလုပ်သွားမည်ဟုဆိုသည်။

အများပြည်သူ စိတ်ဝင်စားသည့် ပင်မကလာပ်စည်းသုတေသနလုပ်ငန်းမှာ အဏုကြည့်ကိရိယာအောက်မှနယ်ပယ်တစ်ခုဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ကျင့်ဝတ်သိက္ခာအရ တာဝန်ရှိရှိ ကျင့်ကြံနေထိုင်ရန် သိပ္ပံပညာရှင်များက များစွာစိုးရိမ်နေကြရကြောင်း၊ ဝိရောဓိဖြစ်နေသော ရလဒ်များနှင့် ကြုံသောအခါ မည်သို့ဆောင်ရွက်ရမည်ဟူသော ကိစ္စမှာ အရှင်းအလင်းရှိကြောင်းဖြင့် ဟင်စတန်အဖွဲ့ဝင် အမေရိကန်နိုင်ငံ ဂျွန်ဟော့ပကင်း တက္ကသိုလ်မှပါမောက္ခ ရသိဖေဒင်က ပြောကြားသည်။

(အင်တာနက်)



သန္ဓေသား၏ ပင်မကလာပ်စည်းကိုတွေ့ရစဉ်။

ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး ဗီယက်နမ်၌ ယခုနှစ်ကုန်တွင်ထုတ်လုပ်မည်

ဟန္နိုင်း မတ် ၂

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်အကုန်တွင် လူကိုထိုးသည့် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ နှစ်စဉ်ဆေးနှစ်သန်းမှ သုံးသန်းအထိ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကပ်ပါးရောဂါဗေဒပညာရှင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

$H^{\circ}5N^{\circ}1$ထိုးဆေးထုတ်လုပ်မှုကို ဗီယက်နမ်အမျိုးသားကပ်ပါးရောဂါကုသရေးဌာန၌ တပ်ဆင်ထုတ်လုပ်သွားမည် ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောဆိုသည်။

ကာကွယ်ပေးနိုင်မည်

အဆိုပါထိုးဆေးတစ်လုံးကို ဗီယက်နမ်ဒေါင်ငွေ ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၁ဒသမ၉ ဒေါ်လာနီးပါး) ကုန်ကျလိမ့်မည်ဖြစ်ကြောင်း၊ ယင်းထိုးဆေးထုတ်လုပ်နိုင်မှုကြောင့် လူတစ်သန်းကျော်ကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

လွန်းပြန်ယာဉ်လွှတ်တင်ရေး မေလတွင်လုပ်ငန်းများပြန်စမည်

ဝါရှင်တန် မတ် ၂

ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်အာကာသ စခန်း၌ နာဆာအဖွဲ့၏ ဒုတိယမြောက် လွှတ်တင်မည့် လွန်းပြန်ယာဉ် ဆီလောင်ကန် ထိပ်ဖူးကို တွေ့ရခြင်း ဖြစ်သည်။ **(ဝဲပုံ)**

လုပ်ငန်းပြန်စမည်

၂၀၀၃ခုနှစ်က ကိုလံဘီယာလွန်းပြန်ယာဉ်လွှတ်တင်ခဲ့ရာတွင် ပျက်ကျခဲ့ပြီး နောက် ယခုလွန်းပြန်ယာဉ်သည် ဒုတိယမြောက် လွှတ်တင်မည့်လွန်းပြန်ယာဉ် ဖြစ်သည်။ ယင်းကို မေလတွင် လွှတ်တင်ရေးလုပ်ငန်းများ ပြန်စမည်ဖြစ်ကြောင်း နာဆာအာကာသ အေဂျင်စီမန်နေဂျာများက မတ်၁ရက်တွင် ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာ သတင်းများ

ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်သူ ၂၁ ဦး ဘင်္ဂလားဒေ့ရှ်တရားရုံးက သေဒဏ်ချမှတ်

ဒါကာ မတ် ၂

လွန်ခဲ့သည့်နှစ်က ဗုံးဖောက်ခွဲမှုများတွင် ညှိနှိုင်းတိုင်ပင်ကာ အဆက် အသွယ် ရှိကြသော လူ၂၁ဦးကို ဘင်္ဂလားဒေ့ရှ်တရားရုံးက သေဒဏ် စီရင် ချက် ချမှတ်လိုက်သည်။

အဆိုပါ ၂၁ ဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်ပိုင်း ဂျာနီဒါခရိုင် တစ်ဝန်းတွင် ဗုံးခြောက်လုံးဖောက်ခွဲခဲ့ခြင်းကြောင့် ယင်းသို့ စီရင်ချက်ချ မှတ်ခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုများမှာ လွန်ခဲ့သည့်နှစ် ဩဂုတ် ၁၇ ရက် က နိုင်ငံတစ်ဝန်း၌ ပေါက်ကွဲမှု ၅၀၀အနက် တစ်ခုအပါအဝင်ဖြစ်သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သော နေရာတစ်နေရာကို တွေ့ရစဉ်။

ဂျာနီဒါခရိုင်တွင် လူတစ်ဦးမျှ သေဆုံးမှုမရှိသော်လည်း အခြားနေရာ များ၌မူ လူသုံးဦးသေဆုံးခဲ့ပြီး လူ ၁၀၀ခန့် ဒဏ်ရာရရှိခဲ့သည်။ မိမိသည် ယင်းကိစ္စကို လက်ဆုပ်လက်ကိုင်မပြနိုင်သော်လည်း ယုံကြည်ရလောက်သည့် အကိုးအကားအထောက်အထားများကို အခြေခံကာ ယင်းသို့ စီရင်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တရားသူကြီးက ပြောကြားသည်။

၂၁ ဦးစလုံးမှာ အစ္စလမ်မစ်လက်နက်ကိုင် ပြောက်ကျားအဖွဲ့ဝင်များဖြစ် ကြကြောင်း အာဏာပိုင်များက ပြောကြားသည်။ ဤသည်မှာ လွန်ခဲ့သည့်နှစ် ဩဂုတ်လက ဗုံးများ အစဉ်လိုက်ပေါက်ကွဲရာတွင် ပါဝင်ပတ်သက်မှုရှိသည့် အနက် ပထမဦးစွာ ဆုံးဖြတ်လိုက်သည့်အမှုပင် ဖြစ်သည်။ ယခုစီရင်သည့် ဗုံးဖောက်ခွဲမှုမှာ ဘင်္ဂလားဒေ့ရှ်၏ ခရိုင် ၆၄ ခုတွင် နာရီပိုင်းသာ ခြားပြီး ဖောက်ခွဲခဲ့မှုများအနက် တစ်ခုဖြစ်သည်။ **(အင်တာနက်)**

တူရကီနိုင်ငံ၌ အကြမ်းဖက်သမား ၁၃၂၅ဦးဖမ်းဆီးခဲ့

အင်ကာရာ မတ် ၂

တူရကီနိုင်ငံတွင် လွန်ခဲ့သော သုံးနှစ်အတွင်း အကြမ်းဖက်သမား ၁၃၂၅ဦးဖမ်းဆီးနိုင်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများနှင့် အပြန်အလှန် ပစ်ခတ်မှုကြောင့် တူရကီ တပ်ဖွဲ့ဝင်နှင့် ရဲအရာရှိ၊ ကျေးရွာ လုံခြုံရေးအဖွဲ့ ဝင်များ ၂၄၆ ဦးသေဆုံးခဲ့သည်ဟု တူရကီပြည်ထဲရေး ဝန်ကြီး အာဒူလ်ကာ ဒီရာအက်ဆူက ဖေဖော်ဝါရီ ၂၆ရက်က ပြောကြားသည်။

အကြမ်းဖက်

တူရကီနိုင်ငံ၏ အကြမ်းဖက် တိုက်ခိုက်ရေးသမားများအား စစ်ပွဲ တစ်ရပ်အဖြစ် ချေမှုန်းရာတွင် တူရကီ နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လုံခြုံရေး နှင့်ပူးပေါင်းဆောင်ရွက်ရေး သဘော တူညီမှုအရ တူရကီနိုင်ငံသို့ ဖမ်းဆီး ရမိသည့် အကြမ်းဖက်သမားများကို လွှဲပြောင်းပေးခဲ့သည်။

တောင်းဆိုခဲ့

တူရကီနိုင်ငံတွင် ၂၀၀၄ ခုနှစ် ဇွန်လက အပစ်အခတ် ရပ်စဲရေး ပျက်ပြားခဲ့ပြီးနောက် အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားခဲ့သည်။ တူရကီနိုင်ငံ တောင်ပိုင်းတွင် ကာ့ဒ်တို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်မြေ တောင်းဆိုခဲ့သည့် ၁၉၈၄ခုနှစ်မှ စတင်ကာ ကာ့ဒ်အလုပ်သမား ၃၇၀၀၀ အသတ်ခံခဲ့ကြရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်လူဦးရေ ၂၀၀၅ခုနှစ်က ၇သန်းကျော်တိုးပွား အမျိုးသမီးများထက် အမျိုးသားဦးရေပိုများလာ

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ကျောင်းတစ်ကျောင်း၌ ပညာသင်ကြားနေသော ကလေးများအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်း မတ် ၂

တရုတ်နိုင်ငံသည် ၂၀၀၅ခုနှစ် အကုန်တွင် လူဦးရေ ၁ဒသမ ၃၀၇၅၆ အထိ တိုးလာကြောင်း၊ ယမန်နှစ်က ခန့်မှန်းသည်ထက် လူဦးရေ ၇ဒသမ ၆၈သန်း တိုးလာကြောင်း တရုတ် အမျိုးသား စာရင်းအင်း ဗျူရိုက ထုတ်ပြန်သော အစီရင်ခံစာ၌ ဖေဖော်ဝါရီ ၂၈ရက်တွင် ဖော်ပြသည်။

လျှော့ချ

တရုတ်နိုင်ငံသည် လွန်ခဲ့သော အနှစ် ၃၀ကျော်အတွင်း ၎င်း၏ လူဦးရေ တိုးတက်မှုကို နှေးကွေးလာ စေရန် ကြိုးပမ်းလျက်ရှိပြီး မွေးဖွားမှု နှုန်းကို လျှော့ချရာတွင် အောင်မြင်ခဲ့ သည်။

မွေးဖွားနှုန်း

မွေးဖွားနှုန်းသည် ၁၉၉၀ပြည့်နှစ်က လူတစ်ထောင်လျှင် ၂၁ဒသမ ဝ၆ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ် တွင် ၁၂ဒသမ ၄၀ရာခိုင်နှုန်းသာရှိ တော့သည်။

တရုတ်နိုင်ငံသည် ၂၀၀၅ခုနှစ် ကုန်က မြို့ပြနေထိုင်သူ ၅၆၂ ဒသမ ၁၂ ရှိပြီး ကျေးလက်နေထိုင်သူ ၇၄၅ ဒသမ ၄၄သန်းရှိကြောင်း သိရသည်။ ယင်းတို့တွင် ၆၇၃ဒသမ ၇၅သန်းမှာ အမျိုးသားများဖြစ်ကြပြီး ၆၃၃ဒသမ ၈၁သန်းမှာ အမျိုးသမီးများ ဖြစ်ကြ သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တည်ငြိမ်သော စွမ်းအင်ဖြည့်ဆည်းရေး တရုတ်နိုင်ငံစီးပွားရေး စီမံကိန်း၏ ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်

ရှန်ဟိုင်း မတ် ၂

တရုတ်ပြည်က တည်ငြိမ်သော စွမ်းအင်ဖြည့်ဆည်းမှုကို စီးပွားရေး စီမံကိန်းအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သေချာအောင် လုပ်ဆောင်ထားကြောင်းဖြင့် တရုတ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဒုတိယ ဝန်ကြီး မာက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ပူးပေါင်းဆောင်ရွက်

ယုံကြည်စိတ်ချရသော ဓာတ်အား ဖြန့်ဖြူးမှု သေချာစေရန် အဆင့်မြင့် နည်းပညာများ ထပ်မံအသုံးပြုရန် လိုအပ်ကြောင်းဖြင့်လည်း ၎င်းက အီးယူနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေး ညီလာခံတွင် မိန့်ခွန်းပြောကြား ရာ၌ ထည့်သွင်းပြောကြားလိုက်သည်။

ဖြေရှင်းနိုင်

ဤနည်းပညာများကို တီထွင်အသုံးပြုခြင်းဖြင့် ဖွံ့ဖြိုးရေးနှင့် ဖွံ့ဖြိုးမှု မြင့်တင်ရေးကို တားဆီးဟန့်တားနေသော ပြဿနာများကို မိမိတို့ ဖြေရှင်းနိုင်ကြောင်း တရုတ်သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီး မာက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

တရုတ်ပြည်သည် စွမ်းအင်ထုတ်လုပ်ရေး၊ အထူးသဖြင့် လေထုကို ညစ်ညမ်းမှုမဖြစ်စေသည့် စွမ်းအင်ထုတ်လုပ်ရေးတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသုံးချ

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးအတွက် အခွင့်အလမ်း မှန်သမျှကို တရုတ်ပြည်က အသုံးချကြောင်း အထင်အရှားပြသပြီး ဖြစ်သည်ဟုလည်း သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဒုတိယဝန်ကြီး မာက ထည့်သွင်းပြောကြားလိုက်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှားပါး ပန်ဒါဝက်ဝံအနီများ

ကမ္ဘာပေါ်တွင် ရှားပါးသည့် ပန်ဒါဝက်ဝံအနီများကို တွေ့ရစဉ်။

(အောက်ပုံ)

အဆိုပါ ပန်ဒါဝက်ဝံအနီများသည် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ဖူကျိုးမြို့သုတေသနဌာန၌ ထားရှိပြီး လေ့လာ သုတေသနပြုမှုများ ပြုလုပ်လျက် ရှိသည်။ သုတေသနပညာ ရှင်များက ကမ္ဘာပေါ်တွင် ရှားပါးသော ပန်ဒါမျိုး ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ရှေးခေတ် ဂရိငွေဒင်္ဂါးပြား

ရှေးခေတ်ဂရိလူမျိုးတို့အသုံးပြုခဲ့သော ငွေဒင်္ဂါးပြားတစ်ခုကို တွေ့ရစဉ်။

(အပေါ်ပုံ)

အဆိုပါ ငွေပြားကို ဂရိနိုင်ငံမြောက်ပိုင်း ကျေးလက်တစ်ခု၌ ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရှေးခေတ် ဂရိလူမျိုးတို့၏ အဆောင် ပစ္စည်းသဖွယ် သိမ်းဆည်းထားတတ်သောပစ္စည်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ဘဲဥပုံသဏ္ဌာန်မော်တော်ကား

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မတ် ၁ ရက် ဗုဒ္ဓဟူးနေ့က ခင်းကျင်းပြသသော အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲ၌ ပုံစံဒီဇိုင်းထူးခြားသော မော်တော်ယာဉ်များလည်း ပါဝင်ပြသခဲ့သည်။

ထူးခြားစွာ

(၇၆)ကြိမ်မြောက် ဂျီနီဗာအပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲတွင် ဂျပန်နိုင်ငံ နစ်ဆန်းကုမ္ပဏီကထုတ်လုပ်သော ဘဲဥပုံသဏ္ဌာန် မော်တော်ကား တစ်စီးကို ထူးခြားစွာ ပါဝင်ပြသထားသည်။ **(အပေါ်ပုံ)**

တီထွင်ထား

အဆိုပါ မော်တော်ကား၏ ကိုယ်ထည်မှာ ဘဲဥတစ်လုံး၏ ပုံသဏ္ဌာန်အတိုင်း တီထွင်ပြုလုပ်ထားပြီး ဘေးနှင့် အပေါ်ဘက်များတွင် မှန်အကြည်များ တပ်ဆင်ထားသည်။ ထိုဘဲဥပုံ မော်တော်ကားသည် မြန်နှုန်းမြင့် မမောင်းနှင်နိုင်သော်လည်း ခရီးတိုသွားလာရာတွင် အစဉ်ပြေအောင် တီထွင်ထားသည်။ အဆိုပါမော်တော်ကားသည် လူနှစ်ဦးသာစီးနင်းနိုင်ကြောင်းလည်း သိရသည်။

(ကိုးကားချက်-အင်တာနက်)

ဆီအုန်းမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်

မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့ ဆီအုန်းစိုက်ခင်းကြီးအနီးမှ အမြန်ရထားကြီးတစ်စင်း ခုတ်မောင်းသွားခြင်းဖြစ်သည်။ **(ယာပုံ)**

မလေးရှားနိုင်ငံ၌ ဆီအုန်းမှ ဟင်းရွက်ဆီ၊ နူတ်ခမ်းဆီ၊ ရေခဲမုန့်၊ ခေါင်းလျှော်ရည်၊ ချောကလက်ကဲ့သို့သော လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကြောင့် ဝယ်လိုအားကောင်းလျက်ရှိသည်။

မလေးရှားနိုင်ငံက ယင်းကဲ့သို့ လူသုံးကုန်နှင့် စားသောက်ကုန်များကို ဆီအုန်းမှ ထုတ်လုပ်နေ၍ ဆီအုန်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ကိုးကားချက်-အေအက်ဖ်ပီ)

ဆူမတြားကျား အကောင် ၇၀၀ သာရှိတော့ဟုဆို

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ရာဂူဆန်တိရစ္ဆာန်ရုံကြီး၌ ခြောက်လသားအရွယ် ဆူမတြားကျားပေါက်တစ်ကောင်နှင့် တိရစ္ဆာန်ထိန်းသိမ်းရေးဝန်ထမ်း တစ်ဦးတို့ ဆော့ကစားနေခြင်းဖြစ်သည်။ **(အောက်ပုံ)**

ဆူမတြားကျားရိုးများကို တိုင်းရင်းဆေးအဖြစ်အသုံးပြုနေကြ၍ ဆူမတြားကျားများ ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည်။ ယခုအခါ အဆိုပါကျားများအား ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုရန်အင်ဒိုနီးရှားအစိုးရက ဥပဒေထုတ်ပြန် လျက်တင်းကျပ်မှုများ ပြုလုပ်ထားကြောင်း သိရသည်။ ယခုအခါ ဆူမတြားကျားကောင်ရေ ၇၀၀ သာ ကျန်ရှိတော့ကြောင်း သိရသည်။

(ကိုးကားချက်-အေပီ)

ကမ္ဘာမြေနှင့်အင်္ဂါဂြိုဟ် အနှစ် ၆၀၀၀၀ ကြာမှ တစ်ကြိမ် အနီးဆုံးနေရာသို့ရောက်ရှိ

အင်္ဂါဂြိုဟ်ကြီးသည် ယခုနှစ် ဩဂုတ် ၂၈ ရက်တွင် ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးနှင့် အနီးဆုံးနေရာသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အနီးဆုံး

ယင်းအင်္ဂါဂြိုဟ်ကြီးသည် ကမ္ဘာမြေမှ ကီလိုမီတာသန်းပေါင်း ၅၅ ဒသမ ၇၅၆ သို့သာလျှင် ကွာဝေးမည့်နေရာသို့ အနီးဆုံးရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယခင်ကထက် ကီလိုမီတာ သန်း ၃၀ ပို၍ ကမ္ဘာနှင့်နီးကပ်လာကြောင်း၊ ယင်းအင်္ဂါဂြိုဟ်ကို လွန်ခဲ့သောနှစ်ပေါင်း ၅၇၀၀၀ ခန့်က ကမ္ဘာမြေမှ နက္ခတ်ပညာရှင်များ နောက်ဆုံးမြင်တွေ့ခဲ့ရကြောင်း၊ ယခု ယင်းအင်္ဂါဂြိုဟ်ကြီးအား အနီးကပ်တွေ့မြင်ပြီးပါက နောင်နှစ် ၂၅၀၀၀ ခန့်ကြာမှ တစ်ကြိမ် ပြန်မြင်ရမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ **(အောက်ပုံ)**

(ကိုးကားချက်-အင်တာနက်)

ပြင်သစ်လယ်သမား နေရောင်ခြည်စွမ်းအင်သုံးနေ

စွမ်းအင်လိုအပ်ချက်မြင့်မားနေသော ပြင်သစ်နိုင်ငံတွင် လယ်သမားများ အနေဖြင့် မိမိတို့၏ တစ်ပိုင်တစ်နိုင်သုံး နေရောင်ခြည်စွမ်းအင်ထုတ်ယူမှုများကို ပြုလုပ်နေကြပြီဖြစ်သည်။

ပြောင်းလဲအသုံးပြု

ပြင်သစ်နိုင်ငံအနောက်ပိုင်း လာမီလီရာယီဒီဘရီတန်မြို့လေးတွင် လယ်သမားတစ်ဦးဖြစ်သူ ဒါနေးလ်ဒူရမ်သည် ၎င်း၏နေအိမ်၌ ရောင်ပြန်မှန်ချပ်များကို အသုံးပြုပြီး နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူကာ အစားအသောက်ချက်ပြုတ်မှုများအပါအဝင် လုပ်ငန်းခွင်အသုံးပြုရန်ရရှိသော စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြုလျက်ရှိသည်။ **(အပေါ်ပုံ)**

အစားထိုးလောင်စာစွမ်းအင်ကိုရနိုင်သည့် နည်းလမ်းများမှ ရှာဖွေအသုံးပြုရန် ပြင်သစ်အစိုးရက တိုက်တွန်းထားသည်ဖြစ်ရာ ပြင်သစ် လယ်သမားများကလည်း နေရောင်ခြည်စွမ်းအင်ကို ပိုမိုအသုံးပြုနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိသည်။

လုပ်ဆောင်နိုင်ပြီ

ယခုအခါ ပြင်သစ်လယ်သမား ဒါနေးလ်ဒူရမ်က နေရောင်ခြည်စွမ်းအင်သုံးပြီး မြက်ရိတ်စက်ဖြင့် အလုပ်များကို အောင်မြင်စွာလုပ်ဆောင်နိုင်ပြီဖြစ်ရာ အခြားလုပ်ငန်းများ၌ပါ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားသည်။

(ကိုးကားချက်-အင်တာနက်)



ရေစကြိုဆရာတော်၏ ဓမ္မသဘင်

ရန်ကုန် မတ် ၂

တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌတိပိဋက ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ ဆရာတော်ကြီးသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ကူးကြီး စံပြကျေးရွာ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင် အကျိုးတော်ဆောင်အဖွဲ့က ဆင်ယင်ကျင်းပသော ရေစကြိုချ ဓမ္မသဘင်၌ မတ် ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် တရားဓမ္မ ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမှတ်(၃၃) အခြေခံပညာမူလတန်းလွန်ကျောင်း ရွှေပြည်သာမြို့နယ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရသော မရွှေစင်မင်းဖြူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းရီက ဆုချီးမြှင့်စဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂

မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဆရာဒဂုန်သည် အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ ဘင်ဂေါတက္ကသိုလ် နက္ခတ်ဗေဒင်သုတေသနစီမံကိန်းမှ ဂုဏ်ထူးဆောင်နက္ခတ်ဗေဒင်ပါရဂူဘွဲ့ (Hony. Doctor of Astrology (Ph.D))ဘွဲ့ ရရှိသဖြင့် ဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က ဒေါက်တာဦးဒဂုန်**(အောက်ပုံ)**အား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး ဒေါက်တာဦးဒဂုန်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)သို့ကျပ်ငါးသောင်းနှင့်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ကျပ်ငါးသောင်း စုစုပေါင်း ကျပ်တစ်သိန်း ပေးလှူခဲ့ကြောင်း သိရသည်။ **(က-ပ)**

လုပ်ငန်းခွင်စစ်ဆေး

ဖေဖော်ဝါရီ ၂၅ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် တာနော့ရေလှောင်တမံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်း-၁၁) (သတင်းစဉ်)

သင်္ကြန်တွင်း ရဟန်းခံ၊ ရှင်ပြု သီလရှင်ဝတ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ အင်းစိန်က ကြီးမှူး၍ ပဋ္ဌမအကြိမ် ရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို အင်းစိန်မြို့နယ်တောင်သူကုန်းရပ်ကွက်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဥပဇ္ဈာယ်ပြု၍ သင်္ကြန်ကာလ ဧပြီ ၁၃ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ရဟန်းတစ်ပါး ကျပ် ၁၅၃၀၀၊ သာမဏေတစ်ပါး ကျပ်၁၂၆၀၀၊ သီလရှင်တစ်ပါးကျပ်၁၃၅၀၀၊ အရုဏ်ဆွမ်းတစ်နပ် ကျပ် ၁၈၀၀၀၊ နေ့ဆွမ်းတစ်နပ် ကျပ်၄၅၀၀၀၊ ဖျော်ရည် (အအေး) တစ်နေ့ ကျပ်၅၄၀၀ဖြင့် လှူဒါန်းလိုသူများ၊ ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများသည် ဧပြီ၂ရက်နောက်ဆုံးထား၍ ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ ဖုန်း-၆၄၂၈၂၁၊ ဦးစိုးဝင်း ဖုန်း-၆၄၀၄၈၇၊ ဦးဘိုကြည် ဥက္ကဋ္ဌ ဆီမီး၉၉၀၀အဖွဲ့၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွှန့်အမှတ်၁၀၀၊ ၄၈လမ်း၊ ရန်ကုန် ဖုန်း-၂၉၂၆၄၄နှင့် ၂၉၄၆၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၄၆)**

Ten Nations One Community ဆွေးနွေးပွဲဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် The Nations One Community ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် မတ် ၂

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီက ကြီးမှူး၍ ASEAN Information Seminar Series IV(Fy 2005-2006) စီမံကိန်းအရ ကျင်းပမည့် "Ten Nations One Community" ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၁ရက် နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မုံရွာ-ရေဦးလမ်းရှိ ပုသိမ်ဟိုတယ်၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ASEAN Information Seminar Series IV(Fy 2005-2006) စီမံကိန်း ကျင်းပရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် စီမံကိန်းကျင်းပရေးကြီးကြပ်မှုကော်မတီဝင်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ ဆွေးနွေးပွဲကျင်းပရေး ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဟသ်ာတတက္ကသိုလ်၊မအူပင်တက္ကသိုလ်၊ ပုသိမ် အစိုးရနည်းပညာကောလိပ်၊ ဟသ်ာတအစိုးရနည်းပညာကောလိပ်၊ မအူပင် အစိုးရနည်းပညာကောလိပ်၊ ဟသ်ာတအစိုးရကွန်ပျူတာကောလိပ်၊ မအူပင် အစိုးရကွန်ပျူတာကောလိပ်၊ မြောင်းမြ ပညာရေးတက္ကသိုလ်နှင့် ဘိုကလေး ပညာရေးကောလိပ်တို့မှ ပါမောက္ခများနှင့် ဆရာ၊ဆရာမများ၊ ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ပုသိမ်၊ ဟသ်ာတနှင့် မြောင်းမြစက်မှုဇုန်တို့မှ စက်မှုလုပ်ငန်းရှင်များ၊ ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်များအသင်း၊ ဆားစက် လုပ်ငန်းရှင်များအသင်း၊ ရေလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် သစ်စက်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အားသွန်ကြိုးပမ်း ဆောင်ရွက်နေချိန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ တိုးတက်လာအောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

ASEANနိုင်ငံခေါင်းဆောင်ကြီးများ မျှော်မှန်းထားသည့် "သက္ကရာဇ် ၂၀၂၀ တွင် အာဆီယံနိုင်ငံအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဝပြောသည့် အရှေ့တောင်အာရှ ဒေသကြီးဖြစ်ပေါ်လာရမည်" ဟူသော ASEAN Vision 2020 ရည်မှန်းချက်ကို အဖွဲ့ဝင်နိုင်ငံများအားလုံးက တက်ညီလက်ညီဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်ကလည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ မဏ္ဍိုင်ကြီးသုံးခု အောင်မြင်ရေးအတွက် ကျရာကဏ္ဍကနေ တက်ညီလက်ညီဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီက ကြီးမှူးပြီး Seminar ပြုလုပ်နေခြင်းသည် အာဆီယံအဖွဲ့ကြီး၏ ရည်မှန်းချက်ကို ဖော်ဆောင်သည့်အနေဖြင့် ပြုလုပ်သော ဆွေးနွေးပွဲလည်းဖြစ်ကြောင်း။

အထောက်အကူ

ဆွေးနွေးပွဲက ရရှိမည့်ရလဒ်ကောင်းများသည် အာဆီယံရည်မှန်းချက်များ ဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုမည့် ရလဒ်များဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ASEAN Information Seminar Series (Fy-2005-2006) စီမံကိန်းကျင်းပရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဆွေးနွေးပွဲအဖွင့်အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးတင်ပြ

အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီက ကြီးမှူးကျင်းပသည့် "°Ten Nations One Community°" ဆွေးနွေးပွဲကို နံနက် ၉ နာရီခွဲတွင် ပုသိမ် ဟိုတယ်၌ စတင်ကျင်းပရာ နံနက်ပိုင်းသဘာပတိအဖြစ် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကျော်က ဆောင်ရွက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက "အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)" (Overview on ASEAN) အကြောင်းကိုလည်းကောင်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းသိန်းက "ဘာလီကွန်ကော့ဒ် (၂)နှင့် ဗီယင်ကျန်းလုပ်ငန်း အစီအစဉ်" Baliconcord (II) and Vientiane Action Plan ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီက အာဆီယံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို လည်းကောင်း၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်မင်းထွန်းက အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ဦးဘုန်းမြင့်က ASEAN Committee on Culture and Information နှင့် မြန်မာနိုင်ငံမှ တာဝန်ယူဆောင်ရွက်ခဲ့သော အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီစီမံကိန်းများကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ မွန်းလွဲပိုင်းသဘာပတိအဖြစ် "Ten Nationes One Community" ဆွေးနွေးပွဲကျင်းပရေးဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက ဆောင်ရွက်၍ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကျော်က "Energy Cooperation in ASEAN"ကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ကြွေက "Current Status of ASEAN Cooperation in Transport"ကို လည်းကောင်း၊ ရန်ကုန် တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်မြင့်ကြည်က "အာဆီယံ ပူးပေါင်းဆောင်ရွက်မှု ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ"ကို လည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်လေးက "အာဆီယံဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု"ကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် နိုင်ငံဖြတ်ကျော် မှုခင်းဌာန ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးကျော်ဝင်းသိန်းက "နိုင်ငံဖြတ်ကျော်မှုခင်း"ကိုလည်းကောင်း၊ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးဌေးအောင်က "မြန်မာနိုင်ငံမူးယစ်ဆေးဝါး ပပျောက်ရေး ဆောင်ရွက်ချက်"ကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်ပြောကြားကြသည်။

ASEAN Information Seminar Series IV (Fy 2005-2006) စီမံကိန်း ကျင်းပရေး ကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌပြန်ကြားရေး ဝန်ကြီးဌာနဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း Ten Nations One Community ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်

ထို့နောက် သဘာပတိ ဆွေးနွေးပွဲကျင်းပရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

သဲအင်းဂူခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၅)ရပ်ကွက် အမှတ် ၄ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍဝံသ (မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို မတ် ၁၁ရက်မှ ၁၈ရက်အထိ ဟောကြားပြသ တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အခမဲ့အာဟာရဒါနဖြင့် ကျွေးမွေးကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ကြည်ညို၊ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညိုကြ၍ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကိုစိုက်ပျိုးပေးကြပြီး အမျိုးသားပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wyoso Prodjowarsito နှင့် ဇနီးနှင့် သံရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၈ နာရီ၁၅မိနစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိလာကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရေသွန်းလောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပြည်သူ့ဥယျာဉ်၌ ခရေပင်စိုက်ပျိုးပေးပြီး ရေသွန်းလောင်းပေးကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးဘရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ထံ ပေးအပ်လှူဒါန်းသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်၊ သာယာဝတီမင်း ခေါင်းလောင်းတော်နှင့် ရွှေတိဂုံစေတီတော်၌ ၁၈၇၁ခုနှစ်တွင် မင်းတုန်းမင်း တင်လှူပူဇော်ခဲ့သော မူလထီးတော်ဟောင်းတို့ကို လှည့်လည်ကြည်ညိုကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ်သို့ရောက်ရှိလာကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်သန်းနွယ်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ခရေပင်စိုက်ပျိုး

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့က ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် "ခရေပင် (Star Flower Tree)ကို စိုက်ပျိုးပေးကြပြီး မြေဆီဩဇာထည့်သွင်းကာ ရေသွန်းလောင်းပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ရှေးဦးစွာ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်အတွင်းရှိသီဟာသနပလ္လင်တော်ပြခန်း၊ ရတနာပုံခေတ် မန္တလေးနန်းတော်ပုံစံနှင့် နန်းတွင်းသုံး ပစ္စည်းတော်များပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်းနှင့် မြန်မာ့ယဉ်ကျေးမှု အနုပညာပစ္စည်းနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် အမျိုးသားပြတိုက် ဧည့်သည်တော် မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြသည်။**(သတင်းစဉ်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲမှ ဆုရရှိသူအမည်စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၂

၂၀၀၆ခုနှစ်(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန် ဦးစီးကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲမှ ဝတ္ထုရှည် ပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ဝတ္ထုရှည်ပြိုင်ပွဲတွင် စော်ဘွားကြီးကုန်း အင်းစိန်မှ တင်အောင်စိုး(ပန်းမြို့တော်)၏ **"နေမင်းသံလွင်လမင်းသံလွင်"** က ပထမ၊ ဗိုလ်တထောင်မှ စိုးပိုင်ယွန်း၏ **"ကြယ်စင်ဖွဲ့ယံရွှေနိုင်ငံ"** ကဒုတိယ၊ ဟင်္သာတမြို့မှ ရဲရဲထွန်း(ဟင်္သာတ)၏ **"စစ်မှာ အားသွန်ပို့ရှယ်လွန်တိုင်"** က တတိယ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၆ခုနှစ် မတ် ၂၇ ရက် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများ တက်ရောက်ယူရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

3-3 (08).p65 1 3/28/1905, 5:53 PM

❒ *ကျောဖုံးမှ*

အမှတ်တရလက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် VCD တိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား အထူးလေယာဉ် လှေကား အထိ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးနှင့် ဇနီးတို့အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

လက်ဝှေ့ယမ်းနှုတ်ဆက်

ထို့နောက် အထူးလေယာဉ်သည် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ် ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား သယ်ဆောင်၍ ညနေ ၄ နာရီ၁၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များနားနေဆောင်မှ လက်ဝှေ့ယမ်းကာ နှုတ်ဆက် ကြသည်။ **(သတင်းစဉ်)**

မတ် ၂ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညို ကြစဉ်။ (သတင်း-ဂ) (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလှည့်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါဒီတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E Mr.Wyoso Prodjowarsito နှင့် ဇနီးနှင့်သံရုံးအဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်းပိုင်းစစ်ဆေး ကမ်းကပ်ခုံများ ရေတိုက်စားမှုမရှိစေရေး လုပ်ငန်းများဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ပျဉ်းမနားဘူတာသို့ရောက်ရှိပြီး ဘူတာအဆောက်အအုံနှင့် ယာဒ်ဝင်းအတွင်း သန့်ရှင်းသာယာမှုရှိစေရေး၊ ခရီးသွားများ စိတ်ချမ်းမြေ့စွာ နားနေနိုင်ရေးနှင့် စနစ်တကျရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည်မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါ၍ DRC 101 သံလမ်းပြေးယာဉ်ဖြင့် ပျဉ်းမနား-တောင်တွင်းကြီးရထားလမ်းအတိုင်း ထွက်ခွာရာ မိုင်တိုင် ၂၃၆/၁၆ နှင့် ၂၃၆/၁၇ အကြားရှိ တံတားအမှတ်(၄၄) ပေ၁၈၀ အရှည် ပလွေးချောင်းဖြတ် သံပေါင်တံတားကိုလည်းကောင်း၊ မိုင်တိုင် ၂၄၀/၆ နှင့် ၂၄၀/၇ အကြားရှိ တံတားအမှတ်(၅၇)ချောင်းမငယ်ချောင်းဖြတ် ပေ ၁၈၀ အရှည် သံပေါင်တံတားကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေး၍ မိုးရာသီမတိုင်မီ တံတားများကြံ့ခိုင်မှုပြီးစီးအောင်ဆောင်ရွက်ရေး၊ ကမ်းကပ်ခုံများရေတိုက်စားမှုမရှိစေရေးအတွက် ရေလမ်းကြောင်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ သို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း အမှတ်(၂၈)သစ်စက်ခန်းမဆောင်၌ ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာ ပြည်သူများအား တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ တွင် တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆွေးနွေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ပုပ်ပင်ကျေးရွာသို့ ရောက်ရှိပြီး အမှတ်(၅၆) သစ်စက် ခန်းမဆောင်၌ ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ကျေးရွာပြည်သူများအား တွေ့ဆုံပြီး ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ချောင်းကူးတံတား

ထို့နောက် သစ်ပုပ်ပင်ရွာနှင့် ကျေးရွာချင်းဆက်သွယ်သောလမ်းရှိ ကျောက်မဆည်ချောင်း၊ ချောင်းကူးတံတား တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ချောင်းကူးတံတား တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းတွင် ဖေဖော်ဝါရီ၂၇ရက်က ရပ်ကွက်(၂၀)ဥက္ကဋ္ဌများနှင့် မြို့နယ်ဥက္ကဋ္ဌတို့က မြေဆွေးအိတ်များအတွင်း ကြက်ဆူစေ့များ ထည့်သွင်းပျိုးထောင်ခြင်းနှင့် ပျိုးကိုင်းပင်၊ ပျိုးပင်ပေါက်များအား ရှင်သန်ကြီးထွားစေရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (၂၅၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အရသာထူးကဲ ၁၂ ရာသီ ပိန္နဲ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၅	Myanmar Video Rhythm
၈:၁၅	ဖြူးချောင်းတံတား
၈:၂၅	တေးဂီအစီအစဉ်
၈:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	Sony Bravai
၉:၂၀	မိုးလေဝသခန့်မှန်းချက်
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	မော်ကွန်းစာကိုး ပြည့်တန်ဖိုး
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	ရှားပါးသောရေချိုရေငန်စပ်မိကျောင်းများ အပိုင်း(၄)
၉:၅၅	တေးဂီအစီအစဉ်
၁၀:၀၀	ဆူနာမီရေလှိုင်း ကာကွယ်ရေးအကြောင်း သိကောင်းစရာ (ဒုတိယပိုင်း)
၁၀:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅	ပုံမှန်အသက်ထက်ကျော်လွန်ပြီး အခြေခံပညာမူလတန်းအဆင့်သို့ ဝင်ရောက်လာသည့် ကလေးများအား အထူးသင်ကြားခြင်း
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	သံလွင်မြစ်နဒီလက်ခုပ်သံဝေစီ
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လက်ဝဲအောက်ထပ် မြတ်စွယ်တော်ပူဇော်မည်

ရန်ကုန် မတ် ၂

အုတ်ဖိုဆရာတော်ဘုရား သီဟိုဠ်ကျွန်းမှ အဓိဋ္ဌာန်ဖြင့် ပင့်ဆောင်ခဲ့သော ဗုဒ္ဓ၏ လက်ဝဲအောက်ထပ် မြတ်စွယ်တော်အား ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းရွာမရှိ ဂန္ဓကုဋိတိုက်ကြီးတွင် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်ကျော် ၂ ရက်၊ မတ် ၆ရက်မှ ၁၅ရက်အထိ ဖွင့်လှစ် အပူဇော်ခံ မည်ဖြစ်ကြောင်း သိရှိရသည်။ တပေါင်းလဆန်း ၈ရက် ၉ရက် ညများတွင် နိုင်ငံတော်ဘွဲ့ တံဆိပ်တော် ကိုးဘွဲ့ရ နိုင်ငံကျော် ဓမ္မကထိက အရှင်အာစာရာလင်္ကာရ စစ်ကိုင်းရွှေဟင်္သာဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းရင်းဆေးပျိုးဥယျာဉ်ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းဆေး ပျိုးဥယျာဉ်ဖွင့်ပွဲနှင့် တိုင်းရင်းဆေးပျိုးပင်များဖြန့်ဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီကရန်ကုန် အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်မာမာဝေကအမှာစကားပြောကြားပြီး တိုင်းရင်းဆေး ပျိုးဥယျာဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအား တိုင်းရင်းဆေးပင်များပေးအပ်ပြီး ပျိုးဥယျာဉ်အတွင်း ဆေးဖက်ဝင်အပင်မျိုးစုံ စုဆောင်းပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

အရာထမ်း အမှုထမ်းအဆင့် အင်္ဂလိပ်စကားပြောသင်တန်းဆင်း

ရန်ကုန် မတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာနပြည်တွင်းရေကြောင်းပို့ဆောင်ရေး အရာထမ်း၊ အမှုထမ်းအဆင့် အင်္ဂလိပ် စကားပြောကျွမ်းကျင်မှု သင်တန်း (၄/၂၀၀၆) ဆင်းပွဲကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးရုံးချုပ် ကွပ်ကဲအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အင်္ဂလိပ်စာဆရာ KT ဦးတင့်လွင်က အင်္ဂလိပ်စာသင်တန်းများနှင့် ပတ်သက်၍ အကြံပေးချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂရုပြုဆင်ခြင်စရာ သွေးတိုးရောဂါ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ယခုအခါ ကမ္ဘာတစ်ဝန်း လူသိလည်းများသော ရောဂါများတွင် **"သွေးတိုးရောဂါ"**သည် တစ်ခုအပါအဝင်ဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်အခါ၊ အရပ်ဒေသ၊ ဆင်းရဲချမ်းသာမရွေး ဖြစ်ပွားနိုင်ပြီး ဖြစ်ပွားလာပါက နောက်ဆက်တွဲရောဂါများဖြစ်သော လေသင်တုန်းဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းနှင့် နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးနှင့်ကျောက်ကပ် စွမ်းဆောင်မှုအားနည်းခြင်းတို့ကို ဖြစ်ပွားစေ၍ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရပါသည်။ ရောဂါဖြစ်ခါစတွင် သိသာသော လက္ခဏာမပြဘဲ သွေးပေါင်ချိန်ကို စနစ်တကျတိုင်းတာ စစ်ဆေးပြီးမှ သိရှိနိုင်သည်။ ယင်းသွေးတိုးရောဂါနှင့် စပ်လျဉ်း၍ ဆေးပညာနှစ်ရပ်စလုံးမှ ပညာရှင်ကြီးများ ရေးသားပြုစုခဲ့ကြသည့် စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများမှ ပြည်သူများ ယေဘုယျ သိရှိနားလည်ဆောင်ရွက်နိုင်မည့် အကြောင်းအရာများကို ထုတ်နုတ်လျက် ပြည်သူတစ်ဦးချင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် ရေးသားတင်ပြလိုပါသည်။

သွေးတိုးရောဂါ ဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးပညာ ရှုထောင့်အရတင်ပြရလျှင် အအေးလွန်ကဲသော နေရာတွင် အချိန်ကြာမြင့်စွာ နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး ငြိမ်သက်စွာ နေတတ်ခြင်း၊ အမြဲတမ်း စိတ်သောက စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မိမိစိတ်ကို ချုပ်တည်းတုပ်နှောင်မှုများခြင်း၊ သွေးကြောကို ပိတ်ဆို့စေသည့် အဆီအဆိမ့်များ စားသောက်မှုလွန်ကဲခြင်း၊ အချိန်အခါမရွေး ရေချိုးလေ့ရှိခြင်း၊ အအိပ်များခြင်း၊ ပူပြင်းသောရာသီဥတုတွင် အချိန်ကြာမြင့်စွာ ရေချိုးခြင်း၊ အအေးခံလွန်းခြင်း၊ အငန်အရသာနှင့် ဆားဓာတ်များလွန်ကဲသည့် ငါးပိ၊ ငါးခြောက်၊ ငါးပိကောင်၊ ငံပြာရည် စသည့် အစားအစာများ လွန်ကဲစွာစားသောက်ခြင်း၊ ခန္ဓာကိုယ်ဝဖြိုးမှုလွန်ကဲခြင်း၊ ဆေးလိပ်သောက်ခြင်း စသည်တို့ကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်။

<u>သွေးတိုးရောဂါအမျိုးအစားများ</u>

တိုင်းရင်းဆေးပညာ ရှုထောင့်အနေဖြင့် **အအေးသွေးတိုးနှင့် အပူသွေးတိုး**ဟူ၍ နှစ်မျိုးရှိပါသည်။ **အအေးသွေးတိုး** ဟူသည် ရုပ်ခန္ဓာဝဖြိုးသူများ၌ ဖြစ်ပွားပြီး အများအားဖြင့် အအေးအကြောင်းခံလျက် လေအေးတက်၍ သွေးအေးပါတက်ခြင်းကြောင့် အအေးတက် ရောဂါဖြစ်ပါသည်။ **အပူသွေးတိုး** ဟူသည် ရုပ်ခန္ဓာပိန်ချုံးသူများ၌ ဖြစ်ပွားပြီး အပူအကြောင်းခံလျက် လေပူတက်၍ သွေးပါပူပြီး တက်ခြင်းကြောင့် အပူတက်ရောဂါဖြစ်ပါသည်။

သွေးတိုးရောဂါသည် သိသာသောလက္ခဏာများ မပြတတ်ဘဲ ဖြစ်ပွားနိုင်ခြင်းကြောင့် မိမိ၏ သက်ရှည်ကျန်းမာရေးအတွက် သွေးတိုး ရှိ၊ မရှိ ခြောက်လတစ်ကြိမ် (လိုအပ်ပါက အကြိမ်စိပ်၍လည်း တိုင်းတာနိုင်ပါသည်) စနစ်တကျတိုင်းတာခြင်း၊ မိမိ၏ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဆေးပညာရှင်တစ်ဦးဦးနှင့် အမြဲတမ်းဆွေးနွေးတိုင်ပင်လျက် မိမိ၏နေ့စဉ် စားသောက်နေထိုင်မှုပုံစံကို အထူးအလေးထားဆင်ခြင်ခြင်း၊ ကြိုတင်ကာကွယ်သည့် နည်းလမ်းများ ဆောင်ရွက်ခြင်း၊ လိုအပ်ပါက ဆေးများစနစ်တကျ မှန်မှန်ကန်ကန် စားသုံးခြင်းဖြင့် ဖြစ်ပွားမှုလည်းများ၊ အခြားဆင့်ပွားရောဂါများကိုလည်း ဖြစ်စေတတ်သည့် သွေးတိုးရောဂါ၏ အန္တရာယ်မှ ကာကွယ်နိုင်မည်။

အအေးသွေးတိုး၏ လက္ခဏာရပ်များမှာ ရုပ်လေးလံထိုင်းမှိုင်းခြင်း၊ ဆီးကြည်၊ ဆီးများခြင်း၊ ရင်မပူ၊ ရေမငတ်ခြင်း၊ ချွေးမထွက်ခြင်း၊ ချွေးထွက်ပါက ချွေးနည်းခြင်း၊အိပ်ပျော်မှုများခြင်း၊ ခြေဖျားလက်ဖျားနွေးခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ စားကောင်းခြင်း၊ ဝမ်းချုပ်ခြင်း၊ သွေးလုံးကြီးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဇက်လေးခြင်း၊ မျက်စိမျက်တောင်လေးခြင်း၊ မူးဝေခြင်း စသည်တို့ဖြစ်ပါသည်။

အပူသွေးတိုး၏ လက္ခဏာရပ်များမှာ ဆီးနည်း၊ ဆီးဝါခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောထိုး၊ ဇက်ကြောတက်ခြင်း၊ မူးဝေခြင်း၊ မျက်ရိုးကိုက်ခြင်း၊ ခြေဖဝါးလက်ဖဝါးနီခြင်း၊ ရုပ်ပေါ့ပါးခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ရင်ပူ၊ ရေငတ်ခြင်း၊ ခန္ဓာကိုယ်အပေါ်ပိုင်း ချွေးထွက်ခြင်း၊ စားကောင်းအိပ်ပျော်ခြင်း စသည်တို့ ဖြစ်ပါသည်။

အအေးသွေးတိုးအတွက် စားသုံးရန်ဆေးမှာ အအေးသွေးတိုး ရောဂါအတွက် **ပထမဆေး**အဖြစ် နနွင်းခါးမှုန့် ည/နံနက် နှစ်ပဲသားခန့် ရေနွေးနှင့် သုံးရက်သောက်ရပါမည်။ **ဒုတိယဆေး**အဖြစ် သက်ရင်းရွက်အစို ငါးကျပ်သားကို ရေ ၂၄ အောင်စဝင် ပုလင်းဖြင့် တစ်ဝက်ပမာဏခန်းအောင်ပြုတ်ပြီး ကျန် ၁၂ အောင်စ ရေကို နံနက်/ည သုံးရက်သောက်ရပါမည်။ **တတိယဆေး** အဖြစ် မြင်းခွာရွက် သုံးကျပ်သား သတ္တုရည်ကို နှစ်ခွက်စာပြု၍ ည/နံနက် သုံးရက်သောက်ရပါမည်။ ဆေးသောက်ရန် အသေးစိတ်အစီအစဉ်များမှာ ရောဂါနုလျှင် **ပထမဆေး**ကို သုံးရက်သောက်ပါက သွေးပေါင်ချိန်ကျနိုင်ပါသည်။ ရောဂါအလတ်စားဖြစ်၍ ပထမဆေးကို သုံးရက်သောက်ပြီးသည့်တိုင် သွေးပေါင်ချိန်မကျလျှင် **ဒုတိယဆေး**ကို ထပ်မံပြီး သုံးရက်သောက်ပါက သွေးပေါင်ချိန်ကျဆင်းပါမည်။ ရောဂါရင့်၍ ပထမဆေးနှင့် ဒုတိယဆေးများကို သောက်ပြီးသည့်တိုင် သွေးပေါင်ချိန်မကျလျှင် **တတိယဆေး**ကို သောက်ရပါမည်။ တတိယဆေး သုံးရက်သောက်ပြီးလျှင် သွေးပေါင်ချိန် ကျဆင်းပါမည်။

သတိပြုရန်မှာ ပထမဆေး သုံးရက်သောက်ပြီးပါက အအေးသွေးတိုး ဆီး၊ ဝမ်း၊ လေမှန်ဆေးကို ညအိပ်ရာဝင်သောက်ရပါမည်။ ထို့အတူ ဒုတိယဆေးနှင့် တတိယဆေးတို့ကိုလည်း သုံးရက်သောက်ပြီး ညအိပ်ရာဝင်လျှင် ၎င်းအအေးသွေးတိုး ဆီး၊ဝမ်း၊ လေမှန်သောဆေးကို သောက်ရပါမည်။ **အအေးသွေးတိုး ဆီးဝမ်းလေမှန်ဆေး**မှာ မင်းကိုကာ၊ မန်ကျည်းနှစ်၊ သကြား ငါးကျပ်သားစီ၊ ပိတ်ချင်း ရှစ်ပဲသား၊ ချင်းလေးပဲသား၊ ငရုတ်ကောင်းနှစ်ပဲတို့တွင် မင်းကိုကာ၊ ပိတ်ချင်း၊ ချင်း၊ ငရုတ်ကောင်း လေးမျိုးကို အမှုန့်ပြု၊ မန်ကျည်းသီး၊ သကြားတို့ဖြင့် ရောတေပြီး ညအိပ်ရာဝင် ရှစ်ပဲသားခန့် သောက်၊ ဝမ်းပိုဆင်းလိုပါက တစ်ကျပ်သား စားရပါမည်။

ပထမ၊ ဒုတိယ၊ တတိယ ဆေးသုံးမျိုးစလုံး သုံးရက်စီသောက်သော်လည်း သွေးပေါင်ချိန်မကျသေးပါက ဆေးသုံးမျိုးစလုံးကို ပြန်၍ အထက်ပါအစီအစဉ်အတိုင်း သုံးရက်စီပြန်၍ သောက်ပါက သွေးတိုးရောဂါ သက်သာပျောက်ကင်းပါမည်။

အအေးသွေးတိုးအတွက် စားသုံးရန်အသီးအရွက်များမှာ ခွေးတောက်၊ မြန်မာကုက္ကို၊ ဥသျှစ်ရွက်၊ ရဲယို၊ ပြည်ပန်းညို၊ ကြောင်ပန်းရွက်၊ ခံတက်၊ ကြိတ်မှန်၊ ငါးရံ့ပတူ၊ ကြာဟင်း၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက် စသည် တို့ဖြစ်ပါသည်။

အပူသွေးတိုးအတွက် စားသုံးရန်ဆေးမှာ အပူသွေးတိုးရောဂါအတွက် **ပထမဆေး** အဖြစ် ပထမသုံးရက် နံနက်ပိုင်း ရေနွေးပူပူ သုံးအောင်စတွင် သံပရာရည် တစ်အောင်စရော၍ နံနက်၆ နာရီအချိန်တိုင်း နွေးနွေး သောက်ရပါမည်။ **ဒုတိယဆေး** အဖြစ် ဒုတိယသုံးရက် နံနက် ၆နာရီနှင့် မွန်းလွဲ ၁ နာရီအချိန်တို့တွင် ရေနွေးပူပူ ငါးအောင်စတွင် သံပရာရည် ခုနစ်အောင်စဝက်နှင့် သကြားလက်ဖက်ရည်ဇွန်းတစ်ဇွန်းဖြင့် ချိုချဉ်မျှအရသာပေါ်အောင်ဖျော်ပြီး နေ့စဉ် သုံးရက်ဆက်သောက်ရပါမည်။ **တတိယဆေး** အဖြစ် တတိယသုံးရက် နံနက်/ည လယ်ပတူရွက် ၁၀ ကျပ်သားကို ရေ၃၀ကျပ်သားနှင့် ပြုတ်၍ တစ်ဝက်ခန့်အအေးခံပြီး ဆေး (သုံးရက်စာဖြစ်၍) သုံးရက်သောက်ရပါမည်။ ၎င်းဆေးများ သောက်သော်လည်း သွေးတိုးချိန်မကျပါက အကြောပေါင်း တစ်ထောင်ပင် ပဥ္စငါးပါး (အချို့အရပ်ဒေသတွင် ဖားကြောပင်ဟုခေါ်သည်။) ၁၀ကျပ်သားကို ရေသုံးကျပ်သားဖြင့်ပြုတ်၍ တစ်ဝက်ခန့် အအေးခံပြီး ည၊ နံနက် (သုံးရက်စာဖြစ်၍) သုံးရက် ဆက်သောက်ရပါမည်။

သတိပြုရန်မှာ- ဆေးသောက်ပြီး သုံးရက်ပြည့်သောရက်တိုင်း ညအိပ်ရာဝင်လျှင် အပူသွေးတိုး ဆီး ဝမ်း၊ လေမှန်ဆေးကို ရှစ်ပဲသားခန့် သောက်ရပါမည်။ **အပူသွေးတိုး ဆီး၊ ဝမ်း၊ လေမှန်ဆေး** မှာ-မင်းကိုကာ၊ ပွေးကိုင်း၊ မန်ကျည်းနှစ်၊ သကြားငါးကျပ်သားစီတွင် မင်းကိုကာ၊ ပွေးကိုင်းကို အမှုန့်ပြု၍ မန်ကျည်းနှစ်၊ သကြားတို့ဖြင့် ရောတေပြီး ညအိပ်ရာဝင် ရှစ်ပဲသားခန့် ရေအေးဖြင့် သောက်ပေးပါ။ ဝမ်းဖောဖောသွားလိုက တစ်ကျပ်သားခန့်စားရန် ဖြစ်ပါသည်။

အပူသွေးတိုးရောဂါအတွက် စားသုံးရန် အသီးအရွက်များမှာ ရှောက်ချို၊ ကျွဲကော၊ နာနတ်၊ ကမ္ဗလာသီး၊ လိမ္မော်၊ သလဲသီး၊ စပျစ်သီး၊ ဆီးတော်၊ သရက်၊ မရမ်း၊ သံပရာတို့ကို ဖျော်ရည်အဖြစ် သောက်သုံးနိုင်ပြီး မန်ကျည်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ ကင်မလင်း၊ ကုလားပဲ၊ ခွေးတောက်ရွက်၊ မုန်လာဥ၊ မုန်ညင်းချဉ်၊ မုန်ညင်းရွက်၊ ဥကန်စွန်းရွက်၊ ကျောက်ဖရုံသီး၊ ဘူးရွက်ချဉ်ရည်ချက်၍ စားနိုင်ပါသည်။ အစာလည်းဆေး ဆေးလည်းအစာအဖြစ် ကြက်၂၅ကျပ်သား၊ ၃၀ကျပ်သားခန့် တစ်ကောင်ကို ပြုတ်၍ သံပရာရည်နှင့်ဆမ်းပြီး သောက်ရပါမည်။

သွေးတိုးရောဂါအတွက် ရှောင်ကြဉ်ရန် အစားအစာများမှာ အဆီအစေးများသော ငကျွဲ၊ ပေါ်ဆန်းမွှေး အစရှိသော ဆန်များ၊ စားအုန်းဆီ၊ ပဲဆီ၊ ဘဲသား၊ ဝက်သား၊ အမဲသား၊ ငါးဖယ်၊ ငါးပတ်၊ ငါးခုံးမ၊ ပုစွန်ဆိတ်၊ ပုစွန်လုံး၊ ပုစွန်ချဉ်၊ ငါးသလောက်၊ ကဘီလူး၊ ပဲငါးပိ၊ ပဲကြီး၊ ဥအမျိုးမျိုး၊ ငှက်ပျောသီး၊ ပိန္နဲသီး၊ ဩဇာသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ ဖရုံသီး၊ ရုံးပတီသီး၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ မှိုအမျိုးမျိုး၊ ကညွတ်၊ အင်ဥ၊ နံနံပင်၊ စပါးလင်၊ မျှစ်၊ မျှစ်ချဉ်၊ ပီလောပီနံ၊ မဲဇလီရွက်၊ ကောက်ညှင်း၊ အုန်းနို့ပါသော မုန့်အမျိုးမျိုး၊ ပုန်းရည်ကြီး၊ လက်ဖက်၊ ချိုသော၊ ဆိမ့်သော၊ ဖန်သောအရသာရှိသည့် အစားအစာများ၊ ဆိုဒါပါသော အစားအစာများ၊ နံပြား၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ရေခဲမုန့်၊ ချောကလက်နှင့် အငန်အရသာ လွန်ကဲသော အစားအစာများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဆားငန်သီး၊ ဆီးငန်သီး၊ စည်သွတ် အစားအစာများ၊ မုန်လာဥနီ စသည်တို့ ဖြစ်ကြသည်။

သွေးတိုးကျဆေးနည်းမှာ မိုးနံမြစ်၊ ဘုမ္မရာဇာ၊ ဆေးပုလဲ၊ ကန့်ကလာ၊ ဧကရာဇ်၊ ဆင်တုံးမနွယ်၊ ငရုတ်ခါး(ခေါ်) ဆေးခါးကြီးစသည်တို့ကို ဆတူပမာဏရောစပ်၍ ဆေးပြားရိုက်ပြီး တစ်ကြိမ်သောက်လျှင် ဆေးပြားနှစ်ပြားမှ သုံးပြားနှုန်းဖြစ်စေ အမှုန့်ဖြစ်ပါက နှစ်ပဲသားခန့် ဖြစ်စေ၊ သွေးပေါင်ချိန် အခြေအနေပေါ်မူတည်၍ တစ်နေ့နှစ်ကြိမ်ခန့် သောက်နိုင်ပြီး အရေးပေါ်သွေးကျဆေးအဖြစ် ကန့်ကလာ (သို့မဟုတ်) တောနှမ်းကို ထန်းလျက်နှင့်ကျိုပြီး အကြမ်းပန်းကန်တစ်လုံးပမာဏ ပူပူမှုတ်သောက်ပါက သွေးတိုးကျနိုင်ပါသည်။

သွေးတိုးရောဂါများကို ကာကွယ်ရန်နည်းလမ်းများမှာ အအေးလွန်ကဲသောနေရာတွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ကို တည်ငြိမ်ပျော်ရွှင်စွာနေထိုင်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ (ဥပမာ-လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ခြင်းလုံးခတ်ခြင်း) အဆီအစေး၊ အသားဓာတ်များသော အစားအစာများကို လျှော့စားခြင်း၊ ပူ၊ ခါး၊ ချဉ်စပ်အရသာရှိ အစာများကို စားသုံးခြင်း၊ သတိတရားအစဉ်ထားရှိခြင်း၊ အနားယူအပန်းဖြေခြင်း၊ အရက်၊ ဆေးလိပ်နှင့် လက်ဖက်ရည် အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ အမျိုးသမီးများအနေဖြင့် ပဋိသန္ဓေတားဆေးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ တင်းတိမ်ရောင့်ရဲမှုရှိခြင်း၊ ဒေါသကို ထိန်းသိမ်းတားဆီးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်း ကျန်းမာရေးကိုဂရုပြုဆောင်ရွက်ခြင်း၊ ဆားကိုလျှော့စားခြင်း၊ အငန်ဓာတ်များသော အစားအစာများ၊ အတက်စာများ၊ ကြော်ကျက်ခဲသော အစားအစာ၊ ဆားနှင့် ဆိုဒါပါသည့် ခေါက်ဆွဲ၊ နံပြား၊ ကိတ်မုန့်၊ ဖျော်ရည်အမျိုးမျိုးတို့ကို ရှောင်ကြဉ်ခြင်း၊ ဒိန်ခဲများ၊ ဝက်ဆီ၊ ထောပတ်၊ အုန်းသီး၊ မြေပဲဆီနှင့် ဝက်သားတို့ကို ရှောင်ကြဉ်ခြင်း၊ လတ်ဆတ်သော အသားနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်း၊ ဆိုဒီယမ်များပါဝင်သည့် ဆေးဝါးများနှင့် အစားအစာများကို မသုံးစွဲခြင်း၊ မျိုးရိုးထဲတွင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် သွေးပေါင်ချိန်ကို မှန်မှန်ချိန်ခြင်း၊ ခန္ဓာကိုယ်ဝဖြိုးနေပါက ကိုယ်အလေးချိန်လျှော့ချခြင်း၊ အဆီ၊ အဆိမ့်၊ အချို၊ ဆားနှင့် အငန်အရသာရှိသော အစားအစာများကို လျှော့စား၍ ဟင်းသီးဟင်းရွက် သစ်သီးတို့ကို စားခြင်းတို့ ဖြစ်ပါသည်။

သွေးတိုးရောဂါသည် သိသာသောလက္ခဏာများ မပြတတ်ဘဲ ဖြစ်ပွားနိုင်ခြင်းကြောင့် မိမိ၏ သက်ရှည်ကျန်းမာရေးအတွက် သွေးတိုးရှိ၊ မရှိ ခြောက်လတစ်ကြိမ် (လိုအပ်ပါက အကြိမ်စိပ်၍လည်း တိုင်းတာနိုင်ပါသည်) စနစ်တကျတိုင်းတာခြင်း၊ မိမိ၏ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဆေးပညာရှင်တစ်ဦးဦးနှင့် အမြဲတမ်းဆွေးနွေးတိုင်ပင်လျက် မိမိ၏နေ့စဉ် စားသောက်နေထိုင်မှုပုံစံကို အထူးအလေးထားဆင်ခြင်ခြင်း၊ ကြိုတင်ကာကွယ်သည့် နည်းလမ်းများ ဆောင်ရွက်ခြင်း၊ လိုအပ်ပါက ဆေးများ စနစ်တကျ မှန်မှန်ကန်ကန် စားသုံးခြင်းဖြင့် ဖြစ်ပွားမှုလည်းများ၊ အခြားဆင့်ပွားရောဂါများကိုလည်း ဖြစ်စေတတ်သည့် သွေးတိုးရောဂါ၏ အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေး ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များ အဆက်အစပ်ရှိရှိ ချမှတ်ပေးလျက်ရှိ ဒေသခံပြည်သူများ ကျေးဇူးတုံ့ပြန်သောအနေဖြင့် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဖေဖော်ဝါရီ၂၅ရက် နံနက်၁၁နာရီက ပဲခူးတိုင်း(အရှေ့ပိုင်း) နှင့် မွန်ပြည်နယ် နယ်စပ်စစ်တောင်းတံတားသို့ ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ တာနောရေလှောင်တမံစီမံကိန်း တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စီမံကိန်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေလုံလောက်စွာပေးဝေနိုင်

တာနောရေလှောင်တမံ စီမံကိန်းသည်အမှတ်(၁)စက္ကူစက်(စစ်တောင်း) အတွက်စက်ရုံသုံးရေနှင့် သောက်သုံးရေအဖြစ် တစ်နေ့ ရေဂါလန်၉ ဒသမ ၅ သန်းကို လုံလောက်စွာပေးဝေနိုင်မည် ဖြစ်သည်။

တာဝန်ရှိသူများအားမှာကြား

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာသို့ ရောက်ရှိကြပြီး ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်တို့ကိုဆက်သွယ်သည့် ကျုံမကူးချောင်းတံတား တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ယာယီရှင်းလင်းဆောင် ၌ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦးက ကြာပန်း-ဝင်းကံကျေးရွာချင်းဆက် ကျေးလက်ဒေသဖွံ့ဖြိုးရေး မြေသားလမ်း လမ်းချဲ့ထွင်ခြင်းနှင့် ချောင်းကူးတံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မြေသားလမ်းကို အကွေ့အကောက်နည်းနည်းဖြင့်တတ်နိုင်သမျှ လမ်းဖြောင့်ဖြစ်ရန်နှင့် လမ်းကြောင်းပေါ်ရှိ ချောင်းကူးတံတားများကို သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးရေး အင်တိုက် အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆတက်ထမ်းပိုးကြိုးပမ်း

ထို့နောက် ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားပြီး ကျေးလက်နေပြည်သူများ၏ လူမှု၊ စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ဒေသကြီး၂၄ခု ဖွံ့ဖြိုးရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကိုအဆက်အစပ်ရှိရှိ ချမှတ်ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်၏ကျေးဇူးကို တုံ့ပြန်သောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့က ကျေးရွာနေပြည်သူများအတွက်ဆပ်ပြာနှင့်ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝင်းကံကျေးရွာအခြေခံပညာမူလတန်းကျောင်းတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဝင်းကံကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ကျေးရွာပြည်သူများအား တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မစိုက်ပျိုးမွေးမြူကြရန် မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည်ဆင်တွင်းကျေးရွာမှတစ်ဆင့် ကျိုက်ထိုမြို့နယ် ဘုရားလမ်း သီဟိုဠ်ခြံသို့ရောက်ရှိကြရာ သီဟိုဠ်ခြံမန်နေဂျာ ဦးဉာဏ်ဌေးက ခြံအတွင်း လမ်းဖောက်လုပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယန္တရားဖြင့် လမ်းဖောက်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ကျိုက်ထိုမြို့နယ် ကျွန်းတောလမ်းဆုံသို့ရောက်ရှိကြပြီး ကဇိုင်း-ကင်ပွန်းစခန်း လမ်းအပိုင်းအား စက်ယန္တရားအင်အားဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍တာဝန်ရှိသူများအားအချိန်မီဖောက်လုပ်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ညနေပိုင်းတွင် ကဇိုင်း-ညောင်ထောက်-ငှက်ပျောတောလမ်းမှတစ်ဆင့် ဘီးလင်းမြို့နယ် ကရဝေးဆိပ်ကျေးရွာသို့ရောက်ရှိကြပြီး သဲဖြူချောင်းကူးတံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကျေးရွာနေပြည်သူများအားတွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ချမှတ် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထောက်ပံ့လှူဒါန်း

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိကြပြီး Max Myanmar ကုမ္ပဏီနှင့် ဒေသခံအလှူရှင်များ ထည့်ဝင် လှူဒါန်းငွေဖြင့် တည်ဆောက်လျက်ရှိသော တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကလုပ်ငန်း လိုအပ်ချက်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာပြည်သူများအတွက် ဆပ်ပြာများနှင့် ကျောင်း သား ကျောင်းသူများအတွက် ဗလာ စာအုပ်များကို ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကဇိုင်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ ရောက်ရှိကြပြီး ဒေသခံကျေးရွာပြည်သူ များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ ကျေးလက်ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျေးရွာပြည်သူ များအား ဆေးဝါးပစ္စည်းများကို ထောက်ပံ့လှူဒါန်းသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် အင်းလျားမြိုင်လမ်း အမှတ် (၄၇-ဘီ)နေ (ဦးသိန်းလွင်)-ဒေါ်ရီရီနွဲ့ မိသားစုက ဒဂုံမြို့နယ်၊ အမှတ်(၁၂) စကားဝါလမ်း၊ မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကကျောင်းတော်တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူတော်ငွေကျပ် ၁၀ သိန်းကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ကုန္ဒာစရိယ ထံ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာတော်ငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆဋ္ဌဂံ ဇာတ်ကားသစ် ရုံသုံးရုံအပြိုင်ဝင် ကိုယ်ဝန်ဆောင်တို့ ဘဝအသေးစိတ်ခြယ်မှုန်းထား

ရုပ်ရှင် သတင်းထောက်

ဆဋ္ဌဂံ ရုပ်ရှင်ဇာတ်ကားမှ လွင်မိုးနှင့် ထွန်းအိန္ဒြာဗိုတို့၏ ပျော်ရွှင်ကြည်နူးဟန်။

ရန်ကုန် မတ် ၂

မစန္ဒာ၏ဝတ္ထုကို ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးသည့် ကိုယ်ဝန်သည်တို့ဘဝ သရုပ်ဖော် **ဆဋ္ဌဂံ** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ယနေ့ရုံဝင်လာသည်။

ဘဝသရုပ်ဖော်ဇာတ်လမ်း

အလှ္ဘာစုံက မိခင်လောင်းများ၏ ဘဝစရိုက်အဖုံဖုံကို အကွက်စေ့စေ့ အပိုအလိုမရှိ ထိထိမိမိတင်ပြထားသော ဘဝသရုပ်ဖော် ဇာတ်လမ်းဖြစ်သည်။ ယင်းဇာတ်လမ်းတွင် သရုပ်ဆောင်ပေါင်းများစွာ၊ ဘဝပေါင်းများစွာကို ဒါရိုက်တာက နိုင်နိုင်နင်းနင်း ကိုင်တွယ်တင်ပြထားသည်။ ဇာတ်လမ်းတွင် တောသူတောင်သားတို့၏ဘဝ လည်းပါသည်။ ကျပ်ကျပ်တည်းတည်းဖြင့် တိုက်ခန်းကျဉ်းကျဉ်းတွင်နေရသော မြို့နေလူတန်းစားတို့ဘဝကိုလည်း သရုပ်ဖော်ထားသည်။ မတုန်မလှုပ်အေးအေးလူလူနေတတ်သော ဝန်ထမ်းဘဝနှင့် လူကုံထံတို့၏ဘဝ ကွာခြားချက်ကိုလည်း မြင်ရသည်။ တောနေ လူတန်းစား မိခင်လောင်းတို့၏ ကျန်းမာရေးအသိနည်းပါး၍ အသက်ပါပေးလိုက်ရပုံကိုလည်း ပညာပေးထားသည်။ မြန်မာ့လူမှုဘဝဇာတ်ခုံကို စုံစုံလင်လင် တစ်ကားတည်းဖြင့် ပီပီပြင်ပြင်တင်ပြနိုင်သော ဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် ကလေးကြိုက် King Kong ဇာတ်ကားပြသနေပြီး နေပြည်တော်ရုံတွင် The Promise ဇာတ်ကားပြသလျက်ရှိသည်။ The Promise မှာကိုရီးယားမင်းသားချော ဂျန်ဒေါင်ဂန်(ဒါရိုက်တာရင်) ခေါင်းဆောင်ပါဝင်ထားသော ရာဇဝင်ဇာတ်ကားဖြစ်သည်။

မြို့မရုံတွင် ဂျက်ကီရှရော့၊ စူနီးလ်ရှက်တီး၊ ကရစ်မာကာပူးရ်တို့ ခေါင်းဆောင်ပါဝင်ထားသောBaaz အိန္ဒိယဇာတ်ကားရုံဝင်လာပြီး ရွှေဂုန်ရုံ အပေါ်ထပ်တွင် စတားလုံး၏ Cliffhanger အက်ရှင်ကားပြသလျက်ရှိသည်။ ရွှေဂုန်ရုံမြေညီထပ်တွင် Hogi Pyaar Ki jeet အိန္ဒိယဇာတ်ကားရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် စူနီးလ်ရှက်တီး ခေါင်းဆောင်ပါဝင်ထားသော တောတွင်းစွန့်စားခန်း ဇာတ်ကား Jungle ရုံဝင်လာသည်။ တောတွင်း တိရစ္ဆာန်များဖြစ်သော မျောက်၊ ဆင်၊ မြွေ၊ ကျားနက်၊ မိကျောင်းတို့၏ ဘေးအန္တရာယ်ကို စွန့်စွန့်စားစား ကျော်လွှားရသော သည်းထိတ်ရင်ဖို ဇာတ်ကားဖြစ်သည်။

မေမေ့သွေး အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှ မင်းမော်ကွန်း။



ဂမ္ဘီရရွှေမိုးဇာတ်ကားမှ ခင်မို့မို့အေး၏ သရုပ်ဆောင်ဟန်။

မေမေ့သွေး

ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူးပြီး မင်းမော်ကွန်း၊ မျိုးသန္တာထွန်း၊ မေကဗျာတို့ ခေါင်းဆောင်ပါဝင်ထားသော **မေမေ့သွေး** အဆင့်မြင့် မြန်မာ ဗီဒီယိုဇာတ်ကားမှာ မတ် ၁၀ ရက်တွင် ရွှေဗဟို၊ ဘုရင့်နောင်၊ ရှောဝတီရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။

ဂမ္ဘီရရွှေမိုး

မတ် ၁၀ ရက်တွင် နဝဒေး၊ မဟာမြိုင်ရုံဝင်လာမည့် မြန်မာဗီဒီယို ဇာတ်ကားမှာ **ဂမ္ဘီရရွှေမိုး**ဖြစ်သည်။ **ဂမ္ဘီရရွှေမိုး**တွင် ထွန်းထွန်း၊ ခိုင်သင်းကြည် နှင့် ဟာသသရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ထားသည်။ ။

(မြန်မာ့အလင်း)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဓနုဖြူ၊ ဓနုသခ်ီကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက် ဧရာဝတီတိုင်း ခရိုင်ငါးခရိုင်မှ အတွင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂

(၆၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ဓနုဖြူမြို့ ဓနုသခ်ီကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၆ခုနှစ် မတ် ၂ရက်တွင်ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် လမ်းသစ်အား ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ဝန်ကြီးနှင့် အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။

အဆိုပါလမ်းမှာ အရှည် ၁၈၂၅ ပေ x ၁၂ပေ ရှိပြီးဓနုဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် သိန်း ၅၂ဒသမ၅၀၊ ပြည်သူ့ပါဝင်ငွေ ကျပ် ၃၇ သိန်း၊ စုစုပေါင်း ကျပ် သိန်း ၈၉ ဒသမ၅၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဓနုဖြူမြို့တွင်းသို့ ဝင်ရောက်သည့် အဓိကလမ်းတစ်လမ်းဖြစ်သည့်အပြင် အမှတ် ၂၊ အမှတ်၃၊ အမှတ်၆နှင့် အမှတ် ၁၂ ရပ်ကွက်ကို ဖြတ်သန်းဆက်သွယ်သည့် လမ်းတစ်လမ်း ဖြစ်ကြောင်း သိရှိရသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက်ဝန်ကြီးသည် ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းတို့က ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်ချက်များအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက် အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ အလုပ်အမှုဆောင်များ၊ တိုင်း အတွင်းရှိ ခရိုင်ငါးခရိုင်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများ၊ တွဲဖက် အတွင်းရေးမှူးများ၊ ကန်ကြီးထောင့်၊ ပန်းတနော်၊ မအူပင်၊ ဟင်္သာတမြို့နယ်များမှ အသင်းအတွင်းရေးမှူးများအား တွေ့ဆုံရာ တိုင်းတွဲဖက်အတွင်း ရေးမှူး၊ ခရိုင် အတွင်းရေးမှူးများ၊ တွဲဖက် အတွင်းရေးမှူးများနှင့် မြို့နယ် အသင်း အတွင်းရေးမှူးများက ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လာမည့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှင်းလင်း တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ၏လုပ်ရပ် တောင်ငူမြို့၌ ပေါက်ကွဲမှုဖြစ်ပွား လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိ

ရန်ကုန် မတ် ၂

တောင်ငူမြို့ အမှတ်(၁၉)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအနီး၌ ယနေ့နံနက် ၇နာရီ ၄၅မိနစ်ခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အကျယ် ၁ပေ ပတ်လည် အနက် ၆လက်မခန့်ရှိ ကျင်းတစ်ကျင်း ဖြစ်သွားခဲ့သည်။ ထို့အပြင် နံနက်၉နာရီခွဲခန့်တွင် အမှတ် (၂၀)ရပ်ကွက် EPC ထရန်စဖော်မာရုံ အနီး၌ ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားရာ အုတ်နံရံသုံးပေခန့် ပျက်စီးသွားခဲ့သည်။

ပျက်စီးဆုံးရှုံးမှုမရှိ

ယင်းပေါက်ကွဲမှုနှစ်ခုစလုံးတွင် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် အခြားပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရှိရသည်။

ရက်စက်ယုတ်မာ

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် ရပ်ရွာအေးချမ်းသာယာရေးကို ဖျက်ဆီးရန်၊ ပြည်သူများ သေကြေဒဏ်ရာရစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ဆိုးညစ်ယုတ်မာသောစိတ်ဖြင့်ဖောက်ခွဲမှုကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ကလေးသူငယ်များကျောင်းတက်သည့် စာသင်ကျောင်းအနီး၌ပင် ဗုံးဖောက်ခွဲမှုပြုလုပ်ခြင်းမှာ ရက်စက်ယုတ်မာသော ကျူးလွန်မှုဖြစ်သည်။ အဆိုပါ ဖောက်ခွဲဖျက်ဆီးသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းဆတ်မြို့ သမိန်ဗရမ်းလမ်းဖွင့်

မိုင်းဆတ် ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဇန်နဝါရီ၂၅ရက် နံနက်၉နာရီက မယ်ဆွမ်တောင်ရပ်ကွက်ရှိ သမိန်ဗရမ်းလမ်း အပိုင်း(၂) ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ညွှန့်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်း မှာအရှည် ပေ၇၀၀ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၅သိန်းဖြင့် မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် စည်ပင်)**

ကျောက်မှော် တွဲဖက်အလက ပညာရည်ချွန်ဆုပေးအပ်

ထီးချိုင့် ဖေဖော်ဝါရီ ၁၀

ကသာခရိုင် ထီးချိုင့်မြို့နယ် ကျောက်မှော်ကျေးရွာ အုပ်စု ကျောက်မှော်ကျေးရွာ (တွဲဖက်အလယ်တန်းကျောင်း) ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက်က ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ထီးချိုင့်မြို့နယ် ပညာရေးမှူး ဒေါ်ခိုင်ရှန့်လွမ်၊ အထက်တန်းကျောင်းအုပ်ကြီး ဦးထိန်ဝင်း၊ ကျောက်မှော်ကျေးရွာ (တွဲဖက်အလကကျောင်း) ကျောင်းအုပ်ကြီး ဦးစိုးဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိပုဂ္ဂိုလ်များက ဆုများချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် လောင်းလုံး၌ပျိုးထောင်ပွဲကျင်းပ

လောင်းလုံး ဖေဖော်ဝါရီ ၂၂

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီက လောင်းလုံးမြို့နယ် ပဒုမ္မာဆီအုန်းခြံအနီး ကြက်ဆူပင်ပျိုးခြံတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်လှတို့က ဦးဆောင်၍ ပျိုးအိတ် ၅၄၀၀၀အတွင်း မျိုးစေ့နှင့် မျိုးကိုင်းများ ထည့်သွင်း ပျိုးထောင်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေနှင့်ငွေခိုးမှု မြန်အောင်၌ ဖော်ထုတ်သိမ်းဆည်းမိ

မြန်အောင် ဖေဖော်ဝါရီ ၂၀

မြန်အောင်မြို့ အမှတ် (၃) ရပ်ကွက် အမှတ် ၃၁ အင်းဝလမ်းနေ ဦးစိုးစိုး–ဒေါ်အေးမြင့်ရီတို့၏ နေအိမ်တွင် ဇန်နဝါရီ ၂၂ရက်နံနက် ၅နာရီခန့်က ခိုးမှုဖြစ်ပွားခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ တိုင်ချက်ဖွင့်သဖြင့် အမှုအမှတ်(ပ) ၄၁/၂၀၀၆ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ ဖြင့် အရေးယူခဲ့သည်။ ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဇင်၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းစခန်းမှူး ရဲအုပ်မောင်မောင်တာနှင့် အရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များအားလုံး ပူးပေါင်းဖော်ထုတ် ဆောင်ရွက်ခဲ့ရာ အမှုဖြစ်ပွားပြီး ၆ရက်အကြာတွင် အခိုးခံရသည့် ရွှေထည်ပစ္စည်း ၃၆မျိုး၊ ကာလတန်ဖိုးကျပ် ၇၃သိန်းတန်နှင့် ငွေစက္ကူရောရာ နှစ်သိန်း စုစုပေါင်း ကျပ် ၇၅သိန်းကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြန်လည်ပေးအပ်

အထက်အမှုဖြစ်စဉ်ပါ ပြန်လည်သိမ်းဆည်းရရှိသည့် ရွှေထည်ပစ္စည်း ၃၆မျိုး ကာလတန်ဖိုးကျပ် ၇၃သိန်းနှင့် ငွေစက္ကူကျပ်နှစ်သိန်း စုစုပေါင်း ကျပ်၇၅သိန်းကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က မြန်အောင်မြို့နယ် ရဲတပ်ဖွဲ့စခန်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်ဇင်က ဦးစိုးစိုး–ဒေါ်အေးမြင့်ရီတို့သို့ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ပတ်ဝန်းကျင်သန့်ရှင်းရေး စစ်တွေတွင်ရှင်းလင်းဟောပြော

ဖေဖော်ဝါရီ ၂၉

ရခိုင်ပြည်နယ် နဝမနှစ်အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်နံနက် ၉နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်အောင်ချိုက နဝမနှစ်အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုခြေစမ်းပွဲများယှဉ်ပြိုင် အင်္ဂလန်၊ အီတလီနှင့် ဘရာဇီးအသင်းတို့ အနိုင်ရရှိခဲ့ကြ

လန်ဒန် မတ် ၂

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို နိုင်ငံတကာဘောလုံးအသင်းများ ခြေစမ်းပွဲများ ကစားလျက်ရှိရာ မတ် ၁ရက်က ကစားခဲ့သော အင်္ဂလန်နှင့် ဥရုဂွေးတို့ပွဲတွင် အင်္ဂလန်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အိုင်ယာလန်က ဆွီဒင်ကို သုံးဂိုးပြတ်အနိုင်ရရှိကာ အီတလီနှင့်ဂျာမနီတို့ပွဲတွင် အီတလီက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၀၆ခုနှစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို အင်္ဂလန်နှင့် ဥရုဂွေးတို့ ခြေစမ်းပွဲတွင် အင်္ဂလန်နောက်ခံလူ ဖာဒီနန်(ဝဲ)ဘောလုံးကို လိုက်လံဟန့်တားစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်နှင့် ဥရုဂွေး

၂၀၀၆ ကမ္ဘာ့ဖလားပွဲကို အချိန်ကြာမြင့်စွာပြင်ဆင်လာခဲ့သောအင်္ဂလန်အသင်းသည်တောင်အမေရိက နာမည်ကြီး ဥရုဂွေးအသင်းကို အန်ဖီးလ်ကွင်း၌ မတ် ၁ ရက်က ကံကောင်းစွာ အနိုင်ရရှိခဲ့သည်။ အင်္ဂလန်တို့ မိမိမြေပေါ်၌ ညှော့သည့်ဥရုဂွေး၏ အဖွင့်ဂိုးသွင်းယူပြီးမှသာ ချေပဂိုးနှင့် အနိုင်ဂိုးများကို သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ပွဲထုတ်ကစား

ဥရုဂွေးနှင့် ကစားသော အင်္ဂလန်အသင်းတွင် ရွှန်နေ၊ဒါရင်ဘင့်၊ ဂျရတ်၊ ဂျိုးကိုလ်၊ ကာရစ်၊ ဒေးဗစ်ဘက်ဟမ်း၊ ဂွျန်တယ်ရီ၊ဂယ်ရီနေဗီးလ်၊ ဖာဒီနန်၊ ဘရစ်ဂ်ျနှင့်ဂိုးသမားအဖြစ်ပေါလ်ရိုဘင်ဆင်တို့ဖြင့် ပွဲထုတ်ကစားခဲ့သည်။

ဥရုဂွေးတို့၏ လျင်လျင်မြန်မြန်တိုက်စစ်ဆင်ကစားမှုကြောင့် ပွဲချိန် ၂၆မိနစ်မှာပင် ဥရုဂွေးမှ အိုမာပေါ်ဆိုက အဖွင့်ဂိုး သွင်းယူပေးလိုက်သည်။

အင်္ဂလန်တို့ နောက်တန်းနားလည်မှုလွဲမှားနေတတ်ခြင်းကို ဥရုဂွေးတို့က ပိုင်နိုင်စွာ အသုံးချသွားခြင်း ဖြစ်သည်။

အင်္ဂလန်အသင်း ချေပဂိုးရရှိရေး ကစားကွက်ပြန်တည်ပြီး ထိုးဖောက်ကစားခဲ့ရာ ရွှန်းနီ၏ကန်သွင်းချက်၊ ဂျိုးကိုလ်၏ကန်သွင်းချက်များ အပေါ်ထောင်၊ ဘေးထွက်နေမှုများကြောင့် ပထမပွဲချိန်အတွင်း အင်္ဂလန်တို့ချေပဂိုး မသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၇၅မိနစ်ရောက်မှသာ အင်္ဂလန်တိုက်စစ်မှူး ပီတာခရောင့်ချ်က ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲပြီးကာနီး မိနစ်၉၀ရောက်မှသာ ဂျိုးကိုလ်၏ နောက်ကျဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်အသင်းသည်ဂျရတ်အစား ဂျီနက်စ်၊ တယ်ရီအစားကင်း၊ ဒေးဗစ်ဘက်ဟမ်းအစား ရိုက်ဖီးလ်လစ်၊ရွှန်းနေအစား ပီတာခရောင့်ချ်၊ဘင့်အစား ဒီဖိုးတို့ အစားထိုးကစားခဲ့သည်။ အင်္ဂလန်တို့ ဥရုဂွေးကို အနိုင်ရရန် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ဒေးဗစ်ဘက်ဟမ်းနှင့် ကာရတ်ဟာတို့အဝါကတ်ပြ သတိပေးခံခဲ့ရသည်။

အီတလီနှင့်ဂျာမနီ

၂၀၀၆ကမ္ဘာ့ဖလားအိမ်ရှင်တို့လည်း အီတလီကို မရှုမလှအရေးနိမ့်ခဲ့ရသည်။ အီတလီတို့၏ အာတီမီရိုဖရန်ချီကွင်း၌ ကစားသည့်ပွဲတွင် ဂျာမနီတို့ပွဲအစ ငါးမိနစ်မှာပင် တိုက်စစ်မှူး အယ်ဘာတိုဂီလာဒီနိုကအဖွင့်ဂိုးသွင်းယူခဲ့သည်။

အီတလီတို့ ဆက်တိုက်ဖိကစားရာ ပထမဂိုးသွင်းပြီးနှစ်မိနစ်အကြာ ပွဲချိန် ခုနစ်မိနစ်တွင် အီတလီတိုက်စစ်မှူး လူကာတိုနီက ဒုတိယဂိုးသွင်းယူခဲ့ပြန်သည်။ ကစားကွက်လေးနေသော ဂျာမနီတို့ အီတလီ တိုက်စစ်မှူးများ ထိုးဖောက်တိုက်စစ်ဆင်မှုကို မထိန်းနိုင်ဘဲရှိရာ ပွဲချိန် ၃၉မိနစ်တွင် ဂျာမနီအတွက် ဒီရိုစီက တစ်ဂိုးသွင်းခဲ့ပြန်သဖြင့် ပထမပိုင်းပွဲချိန်မှာပင် သုံးဂိုးပြတ် အီတလီတို့ အနိုင်ရရှိနေခဲ့သည်။

ဂျာမနီ တိုက်စစ်မှူးများဖြစ်သည့် လူကတ်စ်ပိုဒိုလ်စကီ၊ ကလိုဆေး၊ စချန်ဒါတို့လည်း အပိုင်ဂိုးသွင်းခွင့်များရသည်ကို ဂိုးပေါက်တည့်အောင်မကန်နိုင်မှုကြောင့် ချေပဂိုးမသွင်းနိုင်ဘဲ ရှိနေရာ ပွဲချိန် ၅၇မိနစ်တွင် အီတလီတိုက်စစ်မှူး ဒယ်ပယ်ရိုးက တစ်ဂိုးသွင်းယူလိုက်ပြန်သဖြင့် အီတလီတို့ လေးဂိုးပြတ်ဖြစ်နေရာ ဂျာမနီတို့၏ နှစ်သိမ့် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၈၂ မိနစ်ရောက်မှသာ ဂျာမနီမှ ရောဘတ်ဟုပ်က သွင်းယူခဲ့သဖြင့် လေးဂိုး–တစ်ဂိုးဖြင့် အီတလီတို့ အနိုင်ရရှိသွားသည်။

ဂျာမနီတို့ ယခုခြေစွမ်းဖြင့် ကမ္ဘာ့ဖလားပွဲ၌အခြေအနေမကောင်းနိုင်ချေ။

ရုရှားနှင့်ဘရာဇီး

၂၀၀၆ ကမ္ဘာ့ဖလားကို ဗိုလ်စွဲမည်ဟု ရေပန်းအစားဆုံးဖြစ်နေသော ဘရာဇီးတို့ ရုရှားတို့၏ လိုကိုမိုးတစ်ဗ်အားကစားကွင်း၌ သက်သက်သာသာဖြင့်ပင် ရုရှားကို အနိုင်ကစားနိုင်ခဲ့သည်။

ဘရာဇီးအသင်းတွင် ရော်နယ်ဒို၊ အက်ဒရီယာနို၊ ဇီးရောဘတ်တို၊ ရီကာဒင်ဟို၊ ကာကာ၊ အီမာဆင်၊ ဂျွန်၊ လူစီရို၊ စီဆင်ဟို၊ ရောဘတ်တိုကားလို့စ်နှင့် ဂိုးသမားအဖြစ် ရိုဂါရီရိုတို့ ပါဝင်ကစားသွားကြသည်။

လျှပ်တစ်ပြက်

ဘရာဇီးတို့ ပွဲအစမှာပင်တိုက်စစ်ဖွင့်ကစားရာ အလယ်တန်းနှင့် တိုက်စစ်မှူးများက အပေးအယူ လျင်လျင်မြန်မြန်ဖြင့် လျှပ်တစ်ပြက် တိုက်စစ်ဆင်ကစားမှုကြောင့် ပထမပိုင်းပွဲချိန် ၁၅မိနစ်မှာပင် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက ရုရှားခံစစ်မှူးများကို ကျော်ကာ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘရာဇီးတို့၏ကစားကွက် အသာစီးရမှုနှင့် လျင်မြန်မှုတို့ကြောင့် ရုရှားတို့ ချေပဂိုးပြန်မသွင်းနိုင်ဘဲရှိရာ ပွဲချိန်ပြည့်သည်အထိတစ်ဂိုး–ဂိုးမရှိရလဒ်ကို မပြောင်းလဲနိုင်ခဲ့သဖြင့် ဘရာဇီးတို့ တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အိုင်ယာလန်နှင့်ဆွီဒင်

အိုင်ယာလန်မြေတွင် ဆွီဒင်တို့ အရှုံးကြီးရှုံးခဲ့ရပြန်ပြီဖြစ်သည်။ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ထားသော ဆွီဒင်တို့အပေါ် အိုင်ယာလန်တို့က ပွဲချိန် ၃၅မိနစ်တွင် ဒါမိန်းဒပ်ဖ်က တစ်ဂိုး၊ ပွဲချိန် ၄၇ မိနစ်တွင် ရော်ဘီကိန်းက တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း နှစ်ဂိုးအသာဖြင့် အိုင်ယာလန်တို့ ဦးဆောင်နေခဲ့သည်။

အနိုင်ရရှိ

ဆွီဒင်တိုက်စစ်မှူးများဖြစ်သည့် လာဆင်၊ အီဘရာဟီမိုဗစ်၊ လင်ဒီရိုက်သို့လည်း ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားသော်လည်း ကန်သွင်းချက်များ အပိုအလိုဖြစ်နေမှုကြောင့် ချေပဂိုး တစ်ဂိုးမျှ မသွင်းနိုင်သည့်အပြင် ပွဲချိန် မိနစ် ၇၀တွင် အိုင်ယာလန်မှ လူစားဝင်လာသူ မီလ်လာက တစ်ဂိုးထပ်မံသွင်းယူလိုက်ပြန်သဖြင့် အိုင်ယာလန်တို့ သုံးဂိုး–ဂိုးမရှိဖြင့် ဆွီဒင်တို့အပေါ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို ခြေစမ်းပွဲ အဖြစ် အီတလီ နှင့် ဂျာမနီတို့ပွဲတွင် အီတလီ တိုက်စစ်မှူးလူကာတိုနီ (အလယ်) **ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ကြိုးစား

အိုင်ယာလန်နှင့် ဆွီဒင်တို့ ခြေစမ်းပွဲတွင် အိုင်ယာလန်မှ စတီဗင် ရိတ်(ယာ)**နှင့် ဆွီဒင်မှ အီရစ်အစ်မင်**(ဝဲ)**တို့ဘောလုံးရရှိရေး ကြိုးစားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးအသင်း၌ လာမည့်ဘောလုံးရာသီတွင် သွားရောက်ကစားမည်ဟူသော သတင်းများထွက်ပေါ်နေမှုကို ငြင်းဆိုနေသည့် ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်။ (ဓာတ်ပုံ–အင်တာနက်)

မိုက်ကယ်ဘောလက် ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်မဟုတ်

ဘာလင် မတ် ၂

ဂျာမနီနိုင်ငံ ဘောလုံးအသင်း ကပ္ပတိန်မိုက်ကယ်ဘောလက်က သူ့အနေဖြင့် အင်္ဂလိပ်ပရီမီယာလိဂ်မှ နာမည်ကျော် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသော သတင်းများအပေါ် ငြင်းဆိုလိုက်သည်။

လာမည့် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်း၌ ကစားရန်ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၄၃သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုပြီး သွားရောက်ကစားတော့မည်ဆိုသည့်သတင်းများ ထွက်ပေါ်နေမှုကို မိုက်ကယ်ဘောလက်က ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

မိုက်ကယ်ဘောလက်သည် ယခုအခါ ဘေယန်မြူးနစ်အသင်းတွင် ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားနေပြီး ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီအသင်းတွင်လည်း အသင်းကပ္ပတိန်အဖြစ် တာဝန်ယူထားသူဖြစ်သည်။

မိမိအနေဖြင့် မည်သည့်လက်မှတ်ထိုးမှုမျှ မပြုလုပ်ခဲ့ကြောင်း၊ လန်ဒန်တွင် သွားရောက်ကစားမှုလည်း ပြုလုပ်မည်မဟုတ်ကြောင်း မိုက်ကယ်ဘောလက်က ပြောကြားသည်။ ဗြိတိန်နိုင်ငံထုတ် ဒေးလီးမေးလ်သတင်းစာ၌ မိုက်ကယ် ဘောလက်အား တစ်ပတ်ကစားကြေး ဒေါ်လာ၂၁၀၅၀၀ဖြင့် ချယ်လ်ဆီးအသင်းက အမြင့်ဆုံးလစာငွေပေးပြီး ခေါ်ယူတော့မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ မိုက်ကယ်ဘောလက်သည် ယခုအခါ အသက် ၂၉ နှစ် အရွယ်ရှိပြီ ဖြစ်သည်။

(အင်တာနက်)

အခြားပွဲရလဒ်များ

တောင်ကိုရီးယား	၁ – ၀	အင်ဂိုလာ
အစ္စရေး	၀ – ၂	ဒိန်းမတ်
သြစတြီးယား	၀ – ၂	ကနေဒါ
ပြင်သစ်	၁ – ၂	စလိုဗက်ကီးယား
ဝေလ	၀ – ၀	ပါရာဂွေး
မက္ကဆီကို	၁ – ၀	ဂါနာ
အီရန်	၃ – ၂	ကော်စတာရီကာ
ဂရိ	၂ – ၀	ကာဇက်စတန်
တူရကီ	၂ – ၂	ချက်
မက်ဆီဒိုးနီးယား	၀ – ၁	ဘူလ်ဂေးရီးယား
စီနီဂေါ	၂ – ၁	နော်ဝေ
အမေရိကန်	၁ – ၀	ပိုလန်
နယ်သာလန်	၁ – ၀	အီကွေဒေါ
မြောက်အိုင်ယာလန်	၁ – ၀	အက်စ်တိုးနီးယား
စပိန်	၃ – ၂	အိုင်ဗရီကို့စ်
တူနီးရှား	၀ – ၁	ဆာဗီးယားနှင့် မွန်တီနီဂရိုး
ခရိုအေးရှား	၃ – ၂	အာဂျင်တီးနား
ဆော်ဒီအာရေဗျ	၀ – ၃	ပေါ်တူဂီ
စကော့တလန်	၁ – ၃	ဆွစ်ဇာလန်
ဗင်နီဇွဲလား	၁ – ၁	ကိုလံဘီယာ။

(အင်တာနက်)

အနိုင်ဂိုးကန်သွင်း

ရုရှားနှင့်ဘရာဇီးတို့ ခြေစမ်းပွဲတွင် ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုက တစ်လုံးတည်းသောအနိုင်ဂိုးကို ဤသို့ ကန်သွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်း မတည်ငွေကျပ် ၃၁ သိန်းဖြင့် ဆောင်ရွက် ပြီးစီးခဲ့သော ကုံကော်ဝိုင်း ရပ်ကွက် ကုံကော်ရွှေရည်ကတ္တရာ လမ်းသစ်ဖွင့်ပွဲ ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပစဉ်။ (မြို့နယ် စည်ပင်)

တာချီလိတ်၌ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မယ်ယန်း ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ကို ကျန်းမာရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးဇော်မိုးအေးက အဖွင့်အမှာစကားပြောကြားပြီး ဆေးခန်းသစ်ဆောက်လုပ်ရေးကော်မတီအတွင်းရေးမှူး ဦးနွဲ့ကျန်က အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အဆောက်အအုံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းစုန်းက အဆောက်အအုံသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ယုက လက်ခံရယူသည်။

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်ယုတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

ရိုးရာ ထမနဲထိုးပြိုင်ပွဲ မလှိုင်မြို့၌ကျင်းပ

မလှိုင် ဖေဖော်ဝါရီ ၂၀

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာထမနဲ ထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က မလှိုင်မြို့ ရွှေမုဋ္ဌောဘုရားကြီး၏ အနောက်ဘက်ကွင်းပြင်၌ ကျင်းပသည်။

ရည်ရွယ်ချက်ရှင်းလင်း

ပြိုင်ပွဲမစတင်မီ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ဒိုင်ချုပ်မြို့နယ် တရားသူကြီး ဦးဌေးလွင်က ပြိုင်ပွဲစည်းကမ်းချက်များကို ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ ပြိုင်ပွဲဝင်အသင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရ ဆန်ကုန်သည်ကြီးများအသင်းကို ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်မောင်ဦးကလည်းကောင်း၊ ဒုတိယဆုရ ရပ်ကွက်ကြီး(၃)အသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းကလည်းကောင်း၊ တတိယဆုရ ရပ်ကွက်ကြီး (၂)အသင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၁၉)

မိုင်းဖြတ်မြို့ သဇင်လမ်း ကျောက်ချောလမ်းခင်း

မိုင်းဖြတ် ဖေဖော်ဝါရီ ၂၄

မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ပြီးစီးသော ဈေးတန်းရပ်၊ သဇင်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က ဆောင်ရွက်ကြသည်။

အဆိုပါလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာ ဦးလှမျိုးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဟိုပုံးမြို့၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်

ဟိုပုံး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက် နံနက်က ဟိုပုံးမြို့ မြမာလာပန်းခြံတွင် ကျင်းပ သည်။

အခမ်းအနားတွင် ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်(၆)ရပ်ကွက်မှ ပြည်သူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်း စုစုပေါင်း ၆၆၀၀၀ ကို ပျိုးထောင်စိုက်ပျိုးကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုင်းဆတ်မြို့ ဝင်ဆိုင်းဘုတ် ဆေးသုတ်မွမ်းမံ

မိုင်းဆတ် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဖေဖော်ဝါရီ ၁၃ ရက်က မြို့အဝင်ကြိုဆိုပါ၏ ဆိုင်းဘုတ်များကိုဆေးသုတ်မွမ်းမံခြင်း၊ ဆိုင်းဘုတ်အောက်ခြေ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် စိန်မျက်ခုံးပင်များ အလှပုံဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစီးအရာရှိ ဦးတင့်ဝေ၊ အငယ်တန်းအင်ဂျင်နီယာ (၂)ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ ဖျိုင်းရွာမ ရပ်ကွက်၊ တာမွေကြီး(က+ဂ)ရပ်ကွက်များမှ ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်များ ပျိုးထောင်မှု ရာနှုန်းပြည့် ပြီးစီးရန် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကြည့်ရှုစစ်ဆေးစဉ်။

(က-ပ)

ခင်ဦးမြို့ မဈေး အတွင်းအပြင်သန့်ရှင်း ဈေးမီးသတ်ရေကန် အသုံးပြုနိုင်ရန်ဆောင်ရွက်

ခင်ဦး ဖေဖော်ဝါရီ ၁၉

ခင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးမောင်မောင်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ဇန်နဝါရီ ၂၈ ရက် နံနက်က ခင်ဦးမြို့မဈေး အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဈေးရေမြောင်းများမှ အမှိုက်သရိုက်နှင့် သဲနုန်းများ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

စစ်ဆေးဆောင်ရွက်

ထို့အပြင် ဈေးမီးဘေးလုံခြုံရေးအတွက် ဈေးမီးသတ်ရေကန်နှင့် မီးသတ်ရေငုတ်များ အသင့်အသုံးပြုနိုင်စေရန်အတွက် စစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ

၄-၃-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မန္တလေးမြို့က မန္တလေးဖိနပ် ထုတ်လုပ်မှုအကြောင်း-၁)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း (၁)အနားသတ်ကမ်းစပ်(ခေါင်းကြီး) (၂)သတိပေးတဲ့ခဲဖျက်လေး(ဆောင်းပါး)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၅ နေ့စဉ်သုံး အီဒီယမ်(ဦးသိန်းလွင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ ဓာတုဗေဒသင်ပြနည်း)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ်(ပထဝီဝင်)
၁၇း၀၀ အဆို၊ အက၊ အရေး၊ အတီး အစီအစဉ် (မွန်ပြည်နယ်မှ ဦးမင်းဟန်နှင့် ရှမ်းပြည်နယ်မှ ဦးစိုင်းညိုမင်းတို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကိုယ်လက်လှုပ်ရှားခြင်းဖြင့် အသက်ရှင်ပါ)
၁၈း၄၀ လှပသာယာ အိမ်ဂေဟာ
၁၉း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (ထွဋ်ခေါင်တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စံလင်း၊ မီမီဝင်းဖေတို့၏ သူမျှော်နေတော့မှာ တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ဇန်နဝါရီ ၁၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့် အင်ဂျင်နီယာမှူး ဦးမြတ်ဟန်ဝင်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

မွေးနေ့ဆုတောင်း

တစ်ဦးတည်းသောချစ်သမီးလေး **သုသုမင်းဦး** လေး၏ ၃-၃-၂၀၀၆ ရက်တွင် ကျရောက်သော (၁၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ဖေဖေ၊မေမေ၊ဦးဦး၊တီတီတို့နှင့်အတူ အထူး သိတတ်နားလည်သော သမီးကောင်းရတနာလေးဖြစ်ပါစေဟု ဆုတောင်းလိုက်ပါသည်။

ဖေဖေ – ဒုတိယဗိုလ်မှူးကြီးမင်းဦး
မေမေ – ဒေါ်ဝင်းဝင်းမြင့်
ဦးဦး – ဦးသန်းထွန်း(ကားပစ္စည်း)တာမွေ
တီတီ – အန်တီဖြူ။

[illegible]

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်မြောက်ပိုင်းခရိုင် နယ်တရားမရုံး၌

၂၀၀၆ ခုနှစ် တရားမကြီးမှု အမှတ်-၉

ဦးအောင်အောင်မိုး **နှင့်** ဗိုလ်ကြီးဝင်းဦးမြင့်(ငြိမ်း)

တရားလို **တရားပြိုင်**

ဗိုလ်ကြီးဝင်းဦးမြင့်(ငြိမ်း) တိုက် ၈၁၊ အခန်း ၁၆၊ ပြည်ရိပ်မွန်အိမ်ရာ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၁၀သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် မတ်လ ၁၄ ရက် (၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက် ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဆွေဆွေ
ဒုတိယခရိုင်တရားသူကြီး(၃)
မြောက်ပိုင်းခရိုင်တရားရုံး၊ ရန်ကုန်မြို့။

မြစ်ကြီးနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ပြိုင်ပွဲတွင် ဆုရသူများအား ဆုချီးမြှင့်စဉ်။ (မိခင်နှင့်ကလေးအသင်း)

မြို့သစ်မြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ်သိန်း၂၀ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့

မြို့သစ် ဖေဖော်ဝါရီ ၁၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့သစ်မြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးပေါ်ကြွယ်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်သိန်း၂၀ ဖြင့်အကုန်အကျခံ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ပေနှင့် ကတ္တရာအသစ်ခင်းခြင်း အရှည် ပေ၂၅၀၊ အကျယ် ၁၂ ပေတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျိုးထောင်စိုက်ပျိုးထားသော ကြက်ဆူပင်များကို ဇန်နဝါရီ ၃၀ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၅၉)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၅ ရက်က မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမင်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်တို့ ရွာဟောင်းဘောတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ စုပေါင်းလေ့ကျင့်ဆောင်ရွက်ရာသို့ ဖေဖော်ဝါရီ ၂ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် မြို့နယ်မီးသတ်စခန်းမှူး ဦးစိုးညွန့်တို့ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၅

ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်အဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးကျင်းပသော တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကို ဇန်နဝါရီ ၃၁ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ကျင်းပသည်။ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် လူမှုရေးအဖွဲ့အစည်းဝင်များနှင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုက အဖွင့်အမှာစကားပြောကြားကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် VCD တိပ်ခွေ အမှတ်တရလက်ဆောင်ပေးအပ်

❐ ရွှေဖုံးမှ

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Wyoso Prodjowarsitoနှင့် ဇနီးနှင့် သံရုံးအဖွဲ့ဝင်များကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် VCD တိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အရေးကြီးပုဂ္ဂိုလ်များနားနေဆောင် ဧည့်ခန်းမသို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး